# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၃၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်
## (၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၅၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၂-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစည်းအဝေးမှာ ခွင့်ပန်ကြားမယ့် လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို တင်ပြခွင့်ပြုပါရန် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေနဲ့ တင်ပြပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၂ ရက်၊

(၂) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၃) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၄ ရက်၊

(၄) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၅) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၆) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၇) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၈) ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို ခွင့် ၁ ရက်နှင့်

(၉) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းအဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အိမ်ရာမရှိသေးသော ပြည်သူများအတွက် တန်ဖိုးသင့်၊ တန်ဖိုးနည်း၊ တန်ဖိုးသက်သာအိမ်ရာများနှင့် အိမ်ငှားရမ်းခသက်သာသော အိမ်ငှားတိုက်ခန်းများကို နိုင်ငံတော်မှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တန်ဖိုးနည်းအိမ်ရာနဲ့ပတ်သက်တဲ့ မေးခွန်း လွှတ်တော်သို့ မေးမြန်းလိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တန်ဖိုးနည်းအိမ်ရာများ ဖော်ဆောင်ရာမှာ အမှန်တကယ်တန်ဖိုးကို သိန်း ၁၀၀ အောက်၊ သိန်း ၁၀၀ နှင့် သိန်း ၅၀ အတွင်း ဖြစ်ရန် လိုအပ်ပါတယ်ခင်ဗျား။ နေအိမ်ခန်း ပိုင်ဆိုင်ခြင်းမရှိသေးတဲ့ ဝင်ငွေနည်းလူတန်းစားများ၊ အခြေခံနိုင်ငံ့ဝန်ထမ်းများ၊ ကာယဉာဏ လခစားနေ့စားဝန်ထမ်းအသီးသီးတို့အတွက် တန်ဖိုးနည်းအိမ်ရာများ ပိုင်ဆိုင်ခွင့်ရရှိရေးတို့အတွက် နိုင်ငံတော်မှ စနစ်တကျဖော်ဆောင်ပေးရန်လိုအပ်ပါတယ်။ ပြည်သူများလိုအပ်နေသည်မှာ တန်ဖိုးနည်းအိမ်ရာဖြစ်ပြီး ယခုဆောင်ရွက်နေသည်မှာ တန်ဖိုးသင့်အိမ်ရာများသာ ဖြစ်ပါတယ်။ တန်ဖိုးသင့်အိမ်ရာ ဝယ်နိုင်တဲ့လူတန်းစားတချို့ရှိသော်လည်းပဲ အခြေခံလူတန်းစားများနှင့် ဝန်ထမ်းတို့မှ အရစ်ကျစနစ်ဖြင့် ပေးသွင်းခြင်းအပြင် နိုင်ငံမှ အာမခံပေးတဲ့စနစ်ဖြင့် ဆောင်ရွက်မှသာ အိမ်ခန်းဝယ်ယူပိုင်ဆိုင်နိုင်မည် ဖြစ်ပါတယ်။ ယခုတည်ဆောက်ဖော်ဆောင်နေတဲ့ တန်ဖိုးသင့် အိမ်ရာများမှာပင် လိုအပ်သူနှင့် အခန်းအရေအတွက်ဟာ အလွန်ပင်ကွာခြားနေကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ တန်ဖိုးနည်းအိမ်ရာ အမှန်တကယ်ဖော်ဆောင်ပေးလျှင် လိုအပ်သူအရေအတွက်ပိုမိုများပြားမည်ဖြစ်ပါတယ်။ တန်ဖိုးနည်းအိမ်ရာဖြစ်ဖို့ အခြေခံလိုအပ်ချက်မှာလည်း ကုန်ကျစရိတ်သက်သာမှုဖြစ်ပါတယ်။ ကုန်ကျစရိတ်သက်သာဖို့အတွက် နိုင်ငံတော်မှ မြေနေရာကျခံပေးဖို့လည်းလိုအပ်ပါတယ်။ ယခင်အစိုးရအဆက်ဆက် တိုင်းဒေသကြီး/ပြည်နယ်များမှာ မြို့ကွက်သစ်တွေ ဖော်ထုတ်တာတို့၊ စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်တွေ၊ စက်မှုဇုန်တွေ၊ ဖွံ့ဖြိုးတိုးတက်ရေးဇုန်တွေကို ဖော်ထုတ်ခြင်းများ၊ ဝန်ထမ်းလိုင်းခန်းများ၊ အဆောက်အဦဆောက်လုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အောင်မြင်မှုမရတဲ့ အထူးဇုန်များ၊ ဖွံ့ဖြိုးမှုရပ်တန့်နေတဲ့ဇုန်များ၊ ဖွံ့ဖြိုးမှုနှေးကွေးနေတဲ့ဇုန်များ ရှိခဲ့သလို ဝန်ထမ်းများအတွက် ဖော်ထုတ်ပေးခဲ့တဲ့ အိမ်ရာဖွံ့ဖြိုးမှုဇုန်များ၊ ဖွံ့ဖြိုးမှုအားနည်းသော်လည်းပဲ လုပ်သက်မြင့်ဝန်ထမ်းများအတွက် ထိုက်သင့်တဲ့အကျိုးခံစားမှုများ ရရှိခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာဆိုရင် လုပ်သက်မြင့်ဝန်ထမ်းတွေကို ဌာနအလိုက် ရပ်ကွက်တွေ၊ အသစ်တွေ ဖော်ထုတ်ပေးခြင်းဖြင့် အိမ်ရာကွက်ပေါင်းသောင်းနှင့်ချီပြီး ဒဂုံမြို့သစ်လေးမြို့နယ်

မှာလည်း နေရာချထားပေးခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ နောက်ပိုင်းဖော်ထုတ်တဲ့ ဒဂုံ(အရှေ့ပိုင်း) မြို့နယ်မှာရှိတဲ့ နေအိမ်မြေကွက်ပေါင်းသောင်းနဲ့ချီပြီး ဖော်ထုတ်သတ်မှတ်ချထားပေးခဲ့သော်လည်း လမ်း၊ လျှပ်စစ်မီး၊ သောက်ရေ၊ သုံးရေနှင့် အခြားမြို့ပြအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ပေးနိုင်မှု အားနည်းသဖြင့် ဝန်ထမ်းများနေရေးထိုင်ရေး အဆင်မပြေမှုများလည်းရှိခဲ့ပါတယ်။ အသက်အရွယ်ကြီးရင့်လာတဲ့ပင်စင်စားများ ဝန်ထမ်းများတို့မှာ မိမိတို့ရရှိတဲ့မြေကွက်များမှာ နေထိုင်လိုကြသော်လည်း မနေထိုင်တဲ့အခြေအနေ၊ နိုင်ငံတော်မှပံ့ပိုးမှုအားနည်းသောအခြေအနေများကြောင့် နေရေးထိုင်ရေးအခက်အခဲရှိနေကြတဲ့ လုပ်သက်မြင့်ဝန်ထမ်းများနှင့် ပင်စင်စားများအတွက် တန်ဖိုးသင့်၊ တန်ဖိုးနည်း၊ တန်ဖိုးသက်သာ ဈေးချိုတဲ့အိမ်ရာများကို လျင်မြန်စွာ၊ လောက်ငစွာ ဆောက်လုပ်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အပြင် အခြေတကျမနေရဘဲနဲ့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြရတဲ့ဝန်ထမ်းများရဲ့ နေထိုင်မှုအခက်အခဲများ၊ ဝင်ငွေနည်းလူတန်းစားမျိုးစုံတို့ရဲ့ အိမ်ရာမဲ့မှုများ၊ မြို့ပြများအား မှီခိုရပ်တည်နေရတဲ့ မိသားစုအခက်အခဲများ၊ စားဝတ်နေရေးရုန်းကန်ဆောင်ရွက်နေကြရတဲ့ ကာယဉာဏလုပ်အားရှင်တို့ရဲ့ နေရာအခက်အခဲ၊ အိမ်ငှားခဈေးကြီးမြင့်မှုများ၊ ဖြေရှင်းဆောင်ရွက်မပေးနိုင်တဲ့ကျူးကျော်နေထိုင်မှု၊ ပြဿနာမြင့်မားလာမှုများနှင့် ကျူးကျော်ဖယ်ရှားမှုပဋိပက္ခမျိုးစုံတို့ကို ပြေလည်နိုင်စေရေးသို့ဦးတည်တဲ့ အိမ်ငှားတိုက်ခန်းများ စနစ်တကျငှားရမ်းပေးနိုင်တဲ့ အငှားတိုက်ခန်းများလည်းတည်ဆောက်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ အောက်ပါမေးခွန်းကို လွှတ်တော်သို့ မေးမြန်းလိုပါတယ်။ (က) နေရေးအခက်အခဲရှိနေကြသည့် အိမ်ရာမရှိသေးသည့် ဝင်ငွေနည်းလူတန်းစားများ၊ ဝန်ထမ်းများ၊ ပင်စင်စားများအတွက် တန်ဖိုးသင့်၊ တန်ဖိုးမျှတအိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာနှင့် ဝင်ငွေအနည်းဆုံးပြည်သူများအတွက် တန်ဖိုးသက်သာ ဈေးချိုချိုအိမ်ရာများကို နိုင်ငံတော်မှ အလျင်အမြန်နှင့် လောက်ငစွာဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (ခ) အိမ်ငှားရမ်းနေသူများအတွက် သက်သာသောနှုန်းထားများဖြင့် စနစ်ကျစွာငှားရမ်းနေထိုင်နိုင်ရေးအတွက် အိမ်ငှားတိုက်ခန်းများကို နိုင်ငံတော်မှတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**တပ်မတော်နှင့် ရဲတပ်ဖွဲ့အပါအဝင် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးချိန်တွင် အခြေချနေထိုင်ရန် အရစ်ကျစနစ်ဖြင့် ပိုင်ဆိုင်မည့် တန်ဖိုးနည်းအိမ်ရာ သို့မဟုတ် မြေကွက်များချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးရဲထွဋ်ဦး၊ နတ်တလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွဋ်ဦး(နတ်လလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ နတ်တလင်းမဲဆန္ဒနယ်က ဦးရဲထွဋ်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတွင်းရှိ အများပြည်သူများ၏အကျိုးစီးပွားအတွက် အရပ်ဒေသအသီးသီးတွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြသောဝန်ထမ်းများ၏ နေထိုင်ရေး အာမခံချက်ရှိစေရန် နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်မှ ချီးမြှင့်သည့်လစာငွေကိုခြိုးခြံချွေတာသုံးစွဲ၍ နိုင်ငံတော်မှ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြရသူများလည်းဖြစ်ပါတယ်။ ပြည်သူများ၏ လိုအပ်ချက်များကိုဖြည့်စွက်၍ နိုင်ငံတော်တိုးတက်ရေးကို အောင်မြင်စေဖို့ အုပ်ချုပ်သူအစိုးရမှာ မူဝါဒချမှတ်၍ စီမံဆောင်ရွက်ပေးရပါမယ်။ နိုင်ငံ့ဝန်ထမ်းတွေက နိုင်ငံတော်အစိုးရက ချမှတ်တဲ့မူဝါဒတွေကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပေးရပါတယ်။ ပြည်သူတွေကတော့ ချမှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရင်း ဖြစ်ထွန်းလာမယ့်အောင်မြင်မှု အသီးအပွင့်တွေကို ရယူခံစားရပါမယ်။ ဒီလိုပင်နယံသုံးခု ချောမောစွာချိတ်ဆက်နိုင်မှသာ နိုင်ငံတော် အုပ်ချုပ်မှုယန္တရား အရှိန်မပျက်လည်ပတ်နေပြီး စွမ်းဆောင်ရည်မြင့်တက်လာမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးမှာ နိုင်ငံ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍဟာ လွန်စွာမှ အရေးပါလာပါတယ်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းတွေဟာ သူတို့ရဲ့လက်ရှိဘဝနှင့် အနာဂတ်နေထိုင်စားသောက်ရေး စိတ်အေးရရင် လုပ်ငန်းတာဝန်များကို အောင်မြင်ပျော်ရွှင်စွာထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။ သူတို့ရဲ့လုပ်ငန်းတာဝန်ကျေပွန်ရင် အစိုးရကချမှတ်ထားတဲ့ မူဝါဒ၊ ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းပြီး ပြည်သူတွေအကျိုးကျေးဇူးခံစားရပါမယ်။ ဝန်ထမ်းတွေရဲ့စိတ်ထဲမှာ ဘဝနောင်ရေးအတွက် အမြဲသောကရောက်နေရတာကတော့ သူတို့အငြိမ်းစားယူရတဲ့အချိန်မှာ မည်သည့်နေရာတွင် အခြေချနေထိုင်မလဲ၊ သူတို့ရဲ့သားသမီးတွေကို မည်ကဲ့သို့ ပညာဆက်လက်သင်ကြားပေးနိုင်မလဲ၊ သူတို့ရဲ့မိသားစုတွေကို မည်ကဲ့သို့ ကျွေးမွေးစောင့်ရှောက်မလဲစတဲ့ ကြိုတင်ပူပန်သောကရောက်နေရပါတယ်။ ထိုအခါ အကျင့်ပျက်ခြစားမှုများ၊ လာဘ်စားမှုများဖြစ်ပေါ်လာပြီး နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့သည့် Good Governance ကောင်းမွန်သောအုပ်ချုပ်ရေး၊ Clean Government

သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးဟာ အပေါ်အတာ အဟန့်အတားဖြစ်စေကာ အဂတိလိုက်စားမှုများဖြစ်ပေါ်လာပါတယ်။ နိုင်ငံတော်မှာ ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ရာစီမံကိန်းများကို ဆောင်ရွက်ပေးခဲ့သော်လည်း၊ ဝန်ထမ်းနှင့်အိမ်ရာမျှတမှုမရှိခဲ့ပါ။

ထို့ကြောင့် နှစ်ရှည်ရင်းနှီးမြှုပ်နှံပြီး အကောင်အထည်ဖော်ပေးမည့် ဆောက်လုပ်ရေးကုမ္ပဏီများလက်ရှိငွေထုတ်ချေးပေးနိုင်သည့် ဘဏ်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါတယ်။ ဒီလိုဝန်ထမ်းတွေအတွက် ဆောင်ရွက်ပေးတဲ့နေရာမှာလည်း အိမ်ရာ၊ မြေကွက်များသည် မြို့နဲ့အလှမ်းဝေးကွာသည့်နေရာများတွင်မဟုတ်ဘဲ မြို့နဲ့လက်လှမ်းမီပြီး အသက်မွေးဝမ်းကြောင်းလုပ်ကိုင်နိုင်ရန်သွားလာမှုအဆင်ပြေသောနေရာများတွင် ဆောင်ရွက်ပေးသင့်ပါတယ်။ ဝန်ထမ်းများဘက်မှလည်း လက်လွှဲရောင်းချနေမှုမျိုးမရှိအောင် အခြေချနေထိုင်နိုင်ရန်အတွက် လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကွပ်ကဲဆောင်ရွက်ပေးသင့်ပါတယ်။ သို့ဖြစ်ပါ၍ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးချိန်တွင် လက်ရှိအဆင့်နှင့်အညီ အခြေချနေထိုင်ရန် အရစ်ကျစနစ်ဖြင့် ပေးသွင်းရယူပိုင်ဆိုင်နိုင်မည့် တန်ဖိုးနည်းအိမ်ရာ သို့မဟုတ် မြေကွက်များချပေးရန် အစီအစဉ်ရှိ/မရှိကို နိုင်ငံ့ဝန်ထမ်းများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခိုင်မောင်ရည် မှမေးမြန်းထားတဲ့ (က) နေရေးအခက်အခဲရှိနေကြတဲ့ အိမ်ရာမရှိသေးသော ဝင်ငွေနည်းလူတန်းစားများ၊ ဝန်ထမ်းများ၊ ပင်စင်စားများအတွက် တန်ဖိုးသင့်၊ တန်ဖိုးမျှအိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာနှင့် ဝင်ငွေအနည်းဆုံး ပြည်သူများအတွက် တန်ဖိုးသက်သာ စျေးချိုချိုအိမ်ရာများကို နိုင်ငံတော်မှ အလျင်အမြန်နှင့် လောက်ငစွာဆောက်ရွက်ပေးရန်

အစီအစဉ်ရှိ/မရှိ၊ (ခ)အိမ်ငှားရမ်းနေထိုင်လိုသူများအတွက် သက်သာသောနှုန်းထားဖြင့် စနစ်ကျစွာ ငှားရမ်းနေထိုင်ရေးအတွက် အိမ်ငှားတိုက်ခန်းများကို နိုင်ငံတော်မှ တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိမေးခွန်းများနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းနှင့်ပတ်သက်ပြီး တင်ပြရရင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်အရ နေထိုင်ရေးအခက်အခဲရှိတဲ့ ဝင်ငွေနည်းနိုင်ငံ့ဝန်ထမ်းများ၊ ပင်စင်စားများ၊ ပြည်သူ များအတွက် တန်ဖိုးနည်းအိမ်ရာများကို တည်ဆောက်ရောင်းချရာမှာ အတတ်နိုင်ဆုံးတန်ဖိုးနည်းစေရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ မြို့နယ်မှာ ဝင်ငွေနည်းနိုင်ငံ့ ဝန်ထမ်းများ၊ ပင်စင်စားများ၊ ပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများအား ရည်ရွယ်တည်ဆောက်ရာမှာ တိုက်ခန်းတန်ဖိုးလျှော့နည်းစေရန်အတွက် ခေတ်မီ ဆန်းသစ်သော ဆောက်လုပ်ရေးနည်းပညာများကိုအခြေပြုပြီး တန်ဖိုးနည်းအဆောက်အဦများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဝင်ငွေနည်းပြည်သူများ ဝယ်ယူနိုင်ရန်အတွက် တိုက်ခန်းတန်ဖိုးများ ပိုမိုလျှော့ကျစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ရွှေလင်ပန်းတန်ဖိုးနည်း အိမ်ရာစီမံကိန်းအား အပိုင်းသုံးပိုင်းခွဲ၍ တည်ဆောက်ခဲ့ပါတယ်။ ပထမအဆင့်စီမံကိန်း ပြီးစီးပြီဖြစ် ပါ၍ တိုက်ခန်းများကို ရန်ကုန်တိုင်းအစိုးရအဖွဲ့ရဲ့အစီအစဉ်နဲ့ ပွင့်လင်းမြင်သာစွာ ရောင်းချသွားရန် အတွက် ၂၁-၆-၂၀၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှာ ကြော်ငြာထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အပိုင်း(၂)နှင့် အပိုင်း(၃)ကို ဆက်လက်တည်ဆောက် ဆောင်ရွက်လျက်ရှိရာ မှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ပြီးစီးမှာဖြစ်ပြီးတော့ ရရှိလာမယ့်တိုက်ခန်းများကို ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့နဲ့ညှိနှိုင်းပြီး အခြေခံဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများကို ဆက်လက်ရောင်းချပေး သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တန်ဖိုးနည်းအိမ်ရာများရဲ့ တိုက်ခန်းတစ်ခန်းတန်ဖိုး မှာ မြေတန်ဖိုးများ ထည့်သွင်းမတွက်ချက်သော်လည်း ပျမ်းမျှအားဖြင့် သိန်း ၁၂၀ ခန့်ရှိပါတယ်။ မြို့ပြ လုပ်ငန်း (Civil Work) အနေနဲ့ ကျပ်သိန်း ၁၀၀ အောက်ဖြစ်အောင် ဆောက်လုပ်နိုင်ခဲ့ပြီးတော့ Transformer အပါအဝင် အတွင်းအပြင်လျှပ်စစ်လုပ်ငန်း၊ အတွင်းရေသန့်လုပ်ငန်း၊ ရေပိုက်တပ်ဆင်

ခြင်း၊ အပြင်ရေသန့်(ပြင်ပမှ ရေသွယ်ခြင်းလုပ်ငန်း)၊ ရေဆိုးသန့်စင်ခြင်းလုပ်ငန်း၊ ရေကန် (Ground Tank) နှင့် မိလ္လာကျင်း(Septic Tank) လုပ်ငန်းများအပြင် ကွန်ကရစ်လမ်း၊ အုတ်ရေမြောင်း(Box Culvert) များကိုပါ ပြည့်စုံစွာစီမံဆောင်ရွက်ပေးရတဲ့အတွက် အခန်းတစ်ခန်းရဲ့တန်ဖိုး ကုန်ကျစရိတ်ဟာ ကျပ်သိန်း ၁၂၀ ရောက်ရှိခြင်းဖြစ်ပါတယ်။ တန်ဖိုးနည်းတိုက်ခန်းများအား ကျပ်သိန်း ၁၀၀ အောက်ရောက်ရှိစေရေးအတွက် နိုင်ငံတော်မှ Infrastructure လုပ်ငန်းများအား စိုက်ထုတ်ကုန်ကျခံ၍ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရထံ တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တန်ဖိုးနည်းအိမ်ရာတိုက်ခန်းများ တန်ဖိုးလျော့နည်းစေရန်အတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ တန်ဖိုးတင့်သင့်၍ ပြည်သူများဝယ်ယူနိုင်စွမ်းရှိတဲ့ အိမ်ရာများ (Affordable Housing)နှင့် အဆင့်မြင့်အိမ်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership- PPP) စနစ်နဲ့ ဆောင်ရွက်တဲ့အခါမှာ ရရှိလာတဲ့အကျိုးအမြတ်များကို ဝင်ငွေနည်းပြည်သူများရဲ့ တန်ဖိုးအိမ်ရာရဲ့ Infrastructure လုပ်ငန်းများကို ထောက်ပံ့ဖြည့်ဆည်းပေးခြင်းအားဖြင့် တိုက်ခန်းတန်ဖိုးများ လျော့နည်းလာစေရန်လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် လှိုင်သာယာမြို့နယ်ကဲ့သို့ ကျူးကျော်မြောက်များစွာရှိနေတဲ့ကိစ္စများအတွက်လည်း အထူးကိစ္စတစ်ရပ်အနေနဲ့ စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းနှင့်ပတ်သက်ပြီး တင်ပြရရင် လက်ရှိအခြေအနေမှာ တန်ဖိုးနည်းအိမ်ရာများ ဝယ်ယူနိုင်စွမ်းမရှိသေးတဲ့ ဝင်ငွေနည်းနိုင်ငံ့ဝန်ထမ်း၊ ပင်စင်စားများ၊ ဝင်ငွေနည်းပြည်သူများအတွက် အငှားအိမ်ရာများ (Public Rental Housing) ကို နိုင်ငံတော်အစိုးရရဲ့ မူဝါဒနှင့်အညီ မြို့ပြစီမံကိန်း (Town Plan) များအရ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းလျက်ရှိပြီး ပြည်ထောင်စုအစိုးရရဲ့ ဘဏ္ဍာငွေခွင့်ပြုမှုနှင့်တိုင်းဒေသကြီးအစိုးရများရဲ့ ဘဏ္ဍာငွေခွင့်ပြုမှု၊ အိမ်ရာဆောက်လုပ်ရန် မြေနေရာရရှိမှု၊ ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းများနေရေးအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရမှ နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ် ခွဲဝေလျာထားပြီး ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိပါတယ်။ အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း အငှားချပြည်သူ့အိမ်ရာများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်

များတွင် ဆောက်လုပ်နိုင်ရေး နှစ်စဉ်ဘဏ္ဍာငွေ လျာထားချက်များခွဲဝေရရှိရေး တင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးရဲထွဋ်ဦးမှ မေးမြန်းထားတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူချိန်တွင် လက်ရှိအဆင့်နှင့်အညီ အခြေချနေထိုင်ရန် အရစ်ကျစနစ်ဖြင့် ငွေသွင်းရယူပိုင်ဆိုင်နိုင်မည့် တန်ဖိုးနည်းအိမ်ရာ သို့မဟုတ် မြေကွက်များချထားပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနဟာ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်အရ ဝင်ငွေနည်းနိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများရဲ့ နေရေးအခက်အခဲများကို ဖြေရှင်းပေးရာမှာ တန်ဖိုးနည်းအိမ်ရာများကို အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီးတော့ တည်ဆောက်ရောင်းချရာမှာလည်း အတတ်နိုင်ဆုံး တန်ဖိုးလျော့နည်းစေရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများတည်ဆောက်ရာမှာ မြေတန်ဖိုးကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါဘူး။ အခြေခံအဆောက်အအုံ (Infrastructure Cost)ကုန်ကျစရိတ်ဖြစ်တဲ့ ကွန်ကရစ်လမ်း၊ အုတ်ရေမြောင်း၊ Box Culvert၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး စသည်တို့ကိုသာ ထည့်သွင်းတွက်ချက်ထားတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပေါင်းစပ်ပြီးတော့ တန်ဖိုးနည်းအိမ်ရာများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှာ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်အရ တစ်နိုင်ငံလုံးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ဆက်စပ်ပြီးတော့ တစ်နိုင်ငံလုံးရှိ မြို့ပြစီမံကိန်း (Town Plan) များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပြီးတော့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံညှိနှိုင်းရေးဆွဲဆောင်ရွက်လျက်ရှိရာမှာ လူဦးရေတစ်သိန်းအထက်ရှိတဲ့ မြို့ကြီးများနှင့် စီးပွားရေး၊

အုပ်ချုပ်ရေးဆိုင်ရာအရေးပါသော မြို့ကြီး ၅၆ မြို့မှာ မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါမြို့ပြစီမံကိန်းများမှာ ပါဝင်တဲ့ အိမ်ရာစီမံကိန်းများအတွက် သတ်မှတ်ထားတဲ့ မြေနေရာမှာ ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုဘဏ္ဍာငွေ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများရဲ့ ခွင့်ပြုဘဏ္ဍာငွေတို့ရရှိမှုအပေါ်မှာမူတည်ပြီးတော့ အိမ်ရာစီမံကိန်းအမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေကွက်နေရာချထားရေးနှင့်ပတ်သက်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ခုနှစ်အထိ ရန်ကုန်မြို့မှာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများအတွက် အိမ်ရာမြေကွက်ပေါင်း ၂၃၀၀၀၀ ခန့် ဖော်ထုတ်ရောင်းချပေးခဲ့ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့မြို့များမှာလည်း မြေကွက်ပေါင်း တစ်သိန်းခန့်ဖော်ထုတ်ရန်အတွက် မြို့ပြစီမံကိန်းများ ရေးဆွဲပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဖော်ထုတ်ရရှိတဲ့ မြေကွက်များကိုလည်း အငြိမ်းစားဝန်ထမ်းများနှင့် ပြည်သူများသို့ စနစ်တကျပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများအား တန်ဖိုးနည်းအိမ်ရာများ ဘဏ်ချေးငွေစနစ်နဲ့ အရစ်ကျဝယ်ယူနိုင်ရန်အတွက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များမှာ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်များကို ဖွင့်လှစ်ထားရှိပြီးဖြစ်တဲ့အပြင် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာလည်း ဆက်လက်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအချိန်မှာတော့ တိုင်းဒေသကြီး/ပြည်နယ်များမှာ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ရန် သက်ဆိုင်ရာအစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မြေနေရာရရှိမှု၊ ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်းများ၊ ပြည်သူများသို့ သက်သာသောဈေးနှုန်းဖြင့် အရစ်ကျဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး အနည်းငယ်မေးလိုပါတယ်ခင်ဗျား။ စောစောက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲ့ ဖြေသွားတဲ့ အထဲမှာ ဒီကျူးကျော်ကိစ္စနှင့်ပတ်သက်ပြီးတော့ ဖြေသွားတာလေးတွေ့ပါတယ်။ ရှေ့ကဖြေသွားတဲ့ ကိစ္စတွေအားလုံးအတွက်လည်း ကျွန်တော် ကျေးဇူးတင်ပါတယ်။ လှိုင်သာယာ ကျူးကျော်ကိစ္စရပ်များကို အထူးကိစ္စရပ်များအဖြစ် ဆောင်ရွက်ပေးသွားပါမည်ဆိုတဲ့ စကားရပ်လေးပါလာခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ကျူးကျော်ပေါင်း ၂၆၀၀၀ ကျော်ရှိရာမှာ လှိုင်သာယာတစ်ခုတည်းနဲ့တင် ကျူးကျော်ပေါင်း ၆၀၀၀ ကျော်လောက်ရှိပါတယ်။ တရားဥပဒေစိုးမိုးရေး ပျက်ပြားနေတဲ့ ရပ်ကွက်တစ်ခုရှိပါတယ်။ ဒုစရိုက်ကျူးလွန်မှုကိစ္စတွေ အမြောက်အများဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ ကျွန်တော် အဲ့ဒီနေရာကို ရောက်ဖူးပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ အုပ်ချုပ်ရေးတွေလည်း အခက်အခဲဖြစ်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အထူးကိစ္စအဖြစ် ဆောင်ရွက်ပေးသွားပါမယ်ဆိုတဲ့အတွက် ဒါလည်း အထူးကြိုဆိုပါတယ်။ ဒါပေမယ့် အမြန်ဆုံးဆောင်ရွက်ပေးသွားဖို့ အစီအစဉ်ရှိ/မရှိလေး သိလိုပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး တင်ပြရရင် လှိုင်သာယာမှာ ကျူးကျော်အိမ်ရာတွေ အများကြီးဖြစ်ပေါ်နေတယ်ဆိုတာ ကျွန်တော်တို့လည်း သတိထားမိပါတယ်။ သတိထားတဲ့အတွက်လည်းပဲ သက်ဆိုင်ရာအစိုးရအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီးတော့ တချို့ကိစ္စရပ်များလည်း ကြိုတင်ဖြေရှင်းပြီးတာဖြစ်ပါတယ်။ ဒီအပြင်လည်းပဲ နောက်ထပ်လည်း အများကြီးကျန်ရှိနေသေးတာကို ကျွန်တော်တို့ သတိပြုမိပါတယ်။ ဒီ့အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးအဖွဲ့များနှင့်လည်း ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပါ ပါဝင်ပြီး အမြန်ဆုံးဖြေရှင်းပေးမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းများ၏ အများပြည်သူအလုပ်ပိတ်ရက်နှင့် အချိန်ပိုလုပ်ခများ၊ ခံစားခွင့်များသည် လက်ရှိအလုပ်သမားရေးရာဥပဒေများနှင့် ကိုက်ညီမှုရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ သက်ဆိုင်နေပါတယ်။

**မူကြမ်း**

ကျွန်တော်တို့ ဒီနေ့ထုတ်နိုင်ငံပိုင်သတင်းစာတစ်စောင်မှာ ပြီးခဲ့တဲ့ဇူလိုင်လ ၁၉ ရက် အာဇာနည်နေ့က စက်ရုံမပိတ်တဲ့ စက်ရုံနှစ်ရုံကိုအရေးယူဖို့ တရားစွဲထားတာတွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရေအားလျှပ်စစ်စက်ရုံတို့၊ သဘာဝဓာတ်ငွေ့စက်ရုံတို့၊ ဓာတ်အားခွဲရုံတို့မှာ တာဝန်ထမ်းဆောင် နေကြတဲ့ ဝန်ထမ်းပေါင်းမြောက်များစွာဟာ ဒီအာဇာနည်နေ့၊ ပြီးခဲ့တဲ့နောက် သင်္ကြန်ရက်ရှည် ၁၀ ရက်လို ရုံးပိတ်ရက်မှာလည်း အလုပ်ဆင်းနေရပါတယ်။ ဒီလိုအလုပ်ဆင်းနေရပေမယ့် ဒီဝန်ထမ်း တွေဟာ အများပြည်သူအလုပ်ပိတ်ရက် ခံစားခွင့်၊ အချိန်ပိုလုပ်ခွင့်တွေကို ဒီတရားဥပဒေဘောင် အတွင်းကရရှိခြင်းမဟုတ်ဘဲနဲ့ ဌာနဆိုင်ရာအကြီးအကဲတွေက အဆင်ပြေသလို ဖြေရှင်းပေးနေတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်ကတော့ ဒီလိုအများပြည်သူ အလုပ်ပိတ်ရက်မှာ အလုပ်ဆင်းမယ်ဆိုလို့ရှိရင် အလုပ်သမားရုံးတွေကို ကြိုတင်ပြီးတော့ ခွင့်ပြုချက်ရ ယူရပါတယ်။ ပြီးတော့ အလုပ်သမားရုံးကသတ်မှတ်ထားတဲ့စံနှုန်းများနဲ့ တွက်ချက်ပြီးတော့ တောင်းခံ ပေးရပါတယ်။ အခုတော့ အဲ့လိုမလုပ်ခဲ့တာ အတော်ကြာနေပြီဖြစ်တဲ့အတွက်ကြောင့် ဒီရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံက ဝန်ထမ်းတွေဆိုရင် မြို့နဲ့အလွန်အလှမ်းကွာတဲ့ နေရာမှာ နေရပါတယ်။ ဥပမာ ဆိုရင် ချီဖွေဆိုတာ မြစ်ကြီးနားကနေ အဝေးကြီးသွားရပါတယ်။ ရွှေလီတို့ ဒီစက်ရုံတွေမှာ အများ ပြည်သူတွေက ၁၀ ရက်လောက် အကြာကြီးပျော်နေတဲ့ကာလမှာ သူတို့ဟာ အလုပ်ဆင်းနေရပါတယ်။ အဲ့တော့ ဒီနိုင်ငံ့ဝန်ထမ်းအလုပ်သမားတွေကို အလုပ်သမားဝန်ကြီးဌာနက ဥပဒေဘောင်အရ မည်ကဲ့ သို့များ ဖြေရှင်းပေးနိုင်မလဲဆိုတာတွေကို အသိအမှတ်ဖြစ်ကြောင်း။ ကျွန်တော့် ကြယ်ပွင့်ပြမေးခွန်း ကတော့ တစ်နှစ်ပတ်လုံး ၂၄ နာရီတာဝန်ထမ်းဆောင်နေရသည့် နိုင်ငံ့ဝန်ထမ်းများ၏ အများပြည်သူ အလုပ်ပိတ်ရက်နဲ့ အချိန်ပိုလုပ်ခများ ခံစားခွင့်များသည် လက်ရှိ အလုပ်သမားရေးရာဥပဒေများနှင့် ကိုက်ညီမှု၊ အဆင်ပြေမှုရှိ/မရှိဆိုတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လူမှုဖူလုံရေးအာမခံစနစ် (၅)ခု အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ပြည်သူလူထု အားအကျိုးသက်ရောက်မှုအခြေအနေကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသောဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊

ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ကနေပြီး ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို ပြဋ္ဌာန်းလိုက်ပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ သမ္မတကြီးက လက်မှတ်ထိုးပြီး အမိန့်အာဏာတည်တဲ့အတွက် လူမှုဖူလုံရေးဥပဒေဟာ စတင်အာဏာသက်ဝင်နေပြီဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေမှာ ပါရှိတဲ့ အခန်း(၂)၊ ပုဒ်မ ၃ မှာပါရှိတဲ့ ဥပဒေရဲ့ရည်ရွယ်ချက်တွေကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ အဖွဲ့အစည်းတွေက အကောင်အထည်ဖော်ပေးရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အကောင်အထည်ဖော်ပေးရမယ့် သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ ဥပဒေမှာပါရှိတဲ့ လူမှုဖူလုံရေးစနစ်ငါးခုပေါ်မှာ ဆောင်ရွက်ထားတဲ့ အခြေအနေတွေနဲ့ အခြားအချက်တွေကိုသိချင်လို့ ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေအရတည်ရှိခဲ့တဲ့ လူမှုဖူလုံရေးရန်ပုံငွေနဲ့ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအရ ဖွဲ့စည်းထားပြီးတဲ့ လူမှုဖူလုံရေးအဖွဲ့ရဲ့ ယနေ့အထိမှာ ကဏ္ဍအလိုက် ရန်ပုံငွေဘယ်လောက်ရှိတယ်ဆိုတာကို သိရှိလိုပါတယ်။ ဒီရန်ပုံငွေတွေကိုလည်း ရရှိထားတဲ့ရန်ပုံငွေတွေကိုလည်း မည်သည့်နည်းလမ်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။

နောက်မေးခွန်းတစ်ခုအနေနဲ့ ဥပဒေပါပြဋ္ဌာန်းအကောင်အထည်ဖော်ရမယ့် လူမှုဖူလုံရေးစနစ်ငါးခုအပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်နေတဲ့ အခြေအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ဒီဥပဒေပါအကျိုးခံစားခွင့်တွေကို ပြည်သူလူထုဘယ်လောက်အကျိုးခံစားရတယ်ဆိုတာကိုလည်း ကျယ်ကျယ်ပြန့်ပြန့်သိလိုပါတယ်ခင်ဗျား။

တတိယမေးခွန်းအနေနဲ့ ဥပဒေပြဋ္ဌာန်းချက်မှာပါရှိတဲ့ အလုပ်ရုံ/စက်ရုံအလုပ်သမားတွေမဟုတ်ဘဲနဲ့ အလုပ်အကိုင်အတည်တကျမရှိတဲ့ အလုပ်သမားတွေအတွက် လူမှုဖူလုံရေးအာမခံစနစ်တွေကို အကောင်အထည်ဖော်ရမယ့်ကိစ္စအပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ဆောင်ရွက်လုပ်ကိုင်နေတယ်ဆိုတာကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို အလုပ်သမားဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနဟာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်မျှတတဲ့ကျင့်စဉ်များနှင့် Fair Labour Practices ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် တည်ဆဲအလုပ်သမားရေးရာဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်ပြီး နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲရတဲ့အတွက် အချိန်ပိုလုပ်အားခပေးခြင်း၊ သီးခြားထောက်ပံ့ခြင်းလုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့အစီအစဉ်ဖြင့်သာ ဖြေရှင်းဆောင်ရွက်ပေးရသောလုပ်ငန်းဖြစ်ပါတယ်။ အစိုးရဝန်ကြီးဌာနများရှိ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်ပြီး အစိုးရလခစားဝန်ထမ်းများသည် မူလအခြေခံနည်းဥပဒေ(Fundamental Rule) နှင့်အကျုံးဝင်သက်ဆိုင်တဲ့ တည်ဆဲအလုပ်သမားရေးရာဥပဒေဖြစ်တဲ့ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(၄) ပုဒ်မခွဲငယ်(င)အရ အလုပ်သမားဆိုတဲ့စကားရပ်မှာ အခြားတည်ဆဲတရားဥပဒေတစ်ခုခု၊ တရားဥပဒေတစ်ခုခုအရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့်သော်လည်းကောင်း၊ လစာငွေနှင့်သော်လည်းကောင်း ပေးရန်ပြဋ္ဌာန်းထားတဲ့ အားလပ်ခွင့်နှင့်အလုပ်ပိတ်ရက်များရသော ပြည်ထောင်စုအစိုးရ၏ အရာထမ်း၊ အမှုထမ်း သို့တည်းမဟုတ် အစိုးရကဖွဲ့စည်းပေးထားတဲ့အဖွဲ့၏ အရာထမ်း၊ အမှုထမ်း သို့တည်းမဟုတ် အခြားဒေသန္တရအာဏာပိုင်၏ အရာထမ်း၊ အမှုထမ်းများ မပါဝင်ချေလို့ ပြဋ္ဌာန်းထားတဲ့အတွက် အလုပ်သမားဥပဒေအရ အကျုံးဝင်ကိုက်ညီမှုမရှိပါကြောင်း တွေ့ရှိရပါတယ်။ သို့ပေမယ့်လည်း စက်ရုံနှင့်အလုပ်ရုံ၊ လုပ်ငန်းအလုပ်ဌာနများ အလုပ်သမားများ၏ အများပြည်သူအလုပ်ပိတ်ရက်နှင့် အချိန်ပို၊ လုပ်ခ၊ ခံစားခွင့်နှင့်ပတ်သက်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့်

လူမှုဖူလုံရေးဝန်ကြီးဌာနမှ တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။

ဒုတိယမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်မ ဖြေကြားလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ လူမှုဖူလုံရေးအဖွဲ့ဟာ ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေအရ Statutory Body အဖြစ် တည်ထောင်ခဲ့သောအဖွဲ့အစည်းတစ်ရပ်အဖြစ် ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေသစ်အရ ၁-၁၀-၁၉၆၃ ခုနှစ်မှစပြီး ရငွေအားလုံးကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီး အသုံးစရိတ်တွင် လိုအပ်သောငွေများကို ဘတ်ဂျက်လျာထားချက်ဖြင့် ထိုရန်ပုံငွေမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ ထုတ်ယူသုံးစွဲခဲ့ပြီး ပိုငွေတွေကို နိုင်ငံတော်သို့ပေးသွင်းခဲ့ပါတယ်။ အဆိုပါ နိုင်ငံတော်သို့ ပေးသွင်းငွေများကို နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစပြီး နှစ်နှစ်အတွင်း ထောက်ပံ့ငွေရငွေအဖြစ် ပြန်လည်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ၎င်းငွေရဲ့အနေအထားကတော့ ၁၅.၄ ဘီလီယံဖြစ်ပါတယ်ရှင်။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေသစ်အရ လူမှုဖူလုံရေးအဖွဲ့ဟာ မိမိကိုယ်ပိုင်ရန်ပုံငွေနဲ့ ရပ်တည်သွားရတော့မှာဖြစ်ပါသဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကစပြီး ထည့်ဝင်ငွေများကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်းခြင်းမပြုတော့ဘဲ မတည်ရင်းနှီးငွေအဖြစ် ရန်ပုံငွေစတင်ထူထောင်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထည့်ဝင်ကြေးကောက်ခံရငွေနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ၁-၇-၂၀၁၄ ရက်နေ့အထိ ထည့်ဝင်ကြေးကောက်ခံရငွေစုစုပေါင်း ကျပ် ၁၇၈၀၆ သန်းခန့်ကို လူမှုဖူလုံရေးရန်ပုံငွေတစ်ရပ်အဖြစ် ထူထောင်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာငွေတိုးတက်စေရေးအတွက် အဆိုပါရန်ပုံငွေကို ငွေစုလက်မှတ်၊ နှစ်နှစ်ငွေတိုက်စာချုပ်နှင့် ကိုးလစာရင်းသေအပ်ငွေများအဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင် စုဆောင်းထားရှိပြီး ရန်ပုံငွေတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေမှာ လူမှုဖူလုံရေးအာမခံစနစ်ငါးမျိုးနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်ဆိုပြီး စုစုပေါင်း ခြောက်မျိုးကို စတင်ကျင့်သုံးနေပါတယ်။ ပြဋ္ဌာန်းထားပေမယ့်လည်း ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ

သစ်ကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ စတင်ကျင့်သုံးခဲ့ရာ ၎င်းအာမခံစနစ် ခြောက်မျိုးအနက် ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်နှင့် အလုပ်တွင် ထိခိုက်အကျိုးခံစားခွင့်အာမခံစနစ်သုံးမျိုးကိုသာ စတင်ကျင့်သုံးနိုင်ပါသေးသည်။ လူမှုဖူလုံရေးအဖွဲ့ ဟာ အာမခံအလုပ်သမားများရဲ့ ကျန်းမာရေးစောင့်ရှောက်ပေးနေတဲ့ အလုပ်သမားဆေးရုံကြီးသုံးရုံနဲ့ အဖွဲ့ရဲ့ ဆေးခန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စတင်စီမံဆောင်ရွက်လျက်ရှိပြီး အာမခံအလုပ် သမားရဲ့ အရေးပေါ်အခြေအနေကြောင့် နီးစပ်ရာပြည်သူ့ဆေးရုံကြီးများတွင် တက်ရောက်ကုသခဲ့ပါ ကလည်း ကုန်ကျစရိတ်များကို ပြန်လည်စိစစ်ထုတ်ပေးလျက်ရှိပါတယ်။ အာမခံအလုပ်သမားများရဲ့ လုပ်ငန်းခွင်မပျက် ဆေးကုသမှုခံယူနိုင်ရေးအတွက် ဆေးရုံကြီးများ၊ ဆေးခန်းများတွင်ရှိ ဆရာဝန်ကြီး များမှ ကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ ရွှေ့လျားကုသခြင်းဖြစ်တဲ့ Mobile Medical Unit နဲ့လည်း အလုပ်ဌာနများအရောက် ကွင်းဆင်းကုသပေးပါတယ်။ ကျွန်မတို့အနေနဲ့ X-ray, ECG အပြင် Ultrasound၊ အသေးစားခွဲစိတ်ခဲ့တဲ့ လုပ်ငန်းကိစ္စတွေကိုပါ လုပ်ငန်းခွင်အရောက် ဆောင်ရွက် ပေးလျက်ရှိပါတယ်ရှင်။ ဒါ့အပြင် အလုပ်အကိုင်အတည်တကျမရှိတဲ့ ပြည်သူများအတွက် ၎င်းတို့ရဲ့ ဆန္ဒအလျောက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ အာမခံခြောက်မျိုးအနက် လက်ရှိအခြေ အနေတွင် ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်မှုအာမခံစနစ် နည်းဥပဒေ ၅၅ နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားတဲ့ အလုပ်ရှင်နှင့် အလုပ်သမားထည့်ဝင်ကြေးများကိုထည့်ဝင်ပြီး အာမခံထားခဲ့မယ် ဆိုရင် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ သတ်မှတ်ထားတဲ့ အကျိုးခံစားခွင့်များကို ရရှိနိုင် ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီးဖြေသွားတဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေဟာ SRP ၁၉၅၁ ခုနှစ် အလုပ်ရုံဥပဒေအရ အကျုံးမဝင်တဲ့အတွက် ကြောင့် ခံစားမှုမရှိသလိုဖြစ်နေပါတယ်။ တကယ်တော့ ရေနံတွင်းတူးနေတဲ့ အလုပ်သမား၊ လျှပ်စစ် ဓာတ်အားတူးနေတဲ့ အလုပ်သမားတွေရဲ့ စွမ်းအားက နည်းတဲ့ပမာဏမဟုတ်ပါဘူး။ အဲဒီတော့ အလုပ်သမားဝန်ကြီးဌာနအနေနဲ့ နိုင်ငံပိုင်ဌာနတွေက အလုပ်သမားတွေရဲ့ အရေးအခင်းတွေကို သွားရောက်စုံစမ်းတွေ့ဆုံပြီးတော့ အလုပ်သမားတွေရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့ ရည်ရွယ်ချက်ကောရှိပါသလား။ နောက်တစ်ခု ဒီလိုဝန်ထမ်းတွေကိုလည်း အဲဒီဥပဒေနဲ့အကျုံးဝင် အောင်ဆောင်ရွက်ပေးမယ့် အစီအစဉ်ရှိပါသလားဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြား နိုင်ရင် ဖြေကြားပေးဖို့ ကျွန်တော် ထပ်မံမေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**

။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးကြည်သာရဲ့ မေးခွန်းဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများ အများပြည်သူအလုပ်ပိတ်ရက်နှင့် အချိန်ပိုလုပ်အားခခံစားခွင့်နှင့်ပတ်သက်ပြီး နိုင်ငံ့ဝန်ထမ်းများ တစ်နည်းအားဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးလက်အောက်မှာ အမှုထမ်းနေတဲ့ အစိုးရဝန်ထမ်းများ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ မူလအခြေခံဥပဒေဖြစ်တဲ့ (Fundamental Rule) ရယ်၊ မြို့ပြ ဝန်ထမ်းစည်းမျဉ်းတွေဖြစ်တဲ့ Civil Service Regulation တို့နှင့် အကျုံးဝင်သက်ဆိုင်တာကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ မူလအခြေခံ မြို့ပြဝန်ထမ်းများနှင့် မြို့ပြ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရသာ စီမံအုပ်ချုပ်ဆောင်ရွက်ရပါတယ်။ ဒီနေရာမှာ နိုင်ငံ့ဝန်ထမ်း များရဲ့ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အများပြည်သူအလုပ်ပိတ်ရက် အချိန်ပိုလုပ်အားခခံစားခွင့်တွေဟာ ကျွန်မတို့ ပုဂ္ဂလိကအလုပ်သမား အရာထမ်း၊ အမှုထမ်းတွေနဲ့မတူဘဲ ကွဲပြားနေတဲ့ သဏ္ဍာန်မျိုးဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ တကယ်အလုပ်ခွင်ရဲ့အနေအထားထဲမှာ နိုင်ငံ့ဝန်ထမ်းတွေအနေအထားအရ လုပ်ကိုင်နေမှုရှိခဲ့ရင်လည်း ကျွန်မတို့ဝန်ကြီးဌာနအနေနဲ့ ကွင်းဆင်းစေ့စပ်ပြီး သေသေချာချာညှိနှိုင်း ဆောင်ရွက်ပါမယ်လို့ ကျွန်မအနေနဲ့ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဆောင်ရွက်မယ့်ကိစ္စတွေက ဥပဒေနှင့်အညီပဲဆောင်ရွက်မှာဖြစ်ပါ တယ်။ ခုနက ဒုတိယဝန်ကြီးဖြေသွားတဲ့နေရာမှာ ဥပဒေထဲမှာပါတဲ့ ဆက်စပ်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆိုတာ ပါလာတဲ့အတွက် ဦးကြည်သာမေးတဲ့မေးခွန်းနှင့်ဆက်စပ်မယ် ဆိုရင် တကယ်လို့ ဝန်ကြီးဌာနအသီးသီးက အခုလိုအချိန်မျိုးမှာ ဆောင်ရွက်နေရတယ်ဆိုရင် အဲဒီ ကိစ္စအတွက် မူလဥပဒေအပြင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်ပြည့်စုံအောင် ဖော်ပြမယ်ဆိုရင် လုပ်လို့ရနိုင်မယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဥပဒေပညာရှင်များရော၊ သက်ဆိုင်ရာ အလုပ်သမားဥပဒေများနှင့်ပတ်သက်ပြီးတော့ ပြန်လည်စိစစ်ပြီးတဲ့အခါမှာ အမှန်တကယ်တာဝန် ထမ်းဆောင်နေရတဲ့ ဝန်ကြီးဌာနလက်အောက်မှာရှိကြတဲ့ အလုပ်သမားများ ခုနကပြောပြီလေ။ ဇူလိုင်လ ၁၉ ရက် အာဇာနည်နေ့မှာ ရုံးပိတ်ရက်ဖြစ်တယ်။ အလုပ်ပိတ်ရက်ဖြစ်တယ်။ အလုပ်ပိတ်ရက် ဖြစ်တဲ့အခါမှာ တချို့လည်း အလုပ်ပေါ့။ ကျွန်တော်လည်း သတင်းစာထဲမှာ ဒီနေ့တွေ့လိုက်ပါတယ်။ နေရာနှစ်ခုက အလုပ်ဖွင့်ပြီးလုပ်တဲ့အတွက် တရားစွဲဆိုထားတယ်။ ဒါကတော့ အလုပ်ပိတ်ရက်မှာ အလုပ်လုပ်လို့။ သို့ရာတွင် အများပြည်သူအလုပ်ပိတ်ရက်လို့ကြေညာထားသော်လည်း ဘယ်လိုမှ ပိတ်လို့မဖြစ်တဲ့ လျှပ်စစ်ဝန်ထမ်းမျိုး၊ အခြားကိစ္စမျိုး ရှိကောင်းရှိပါလိမ့်မယ်။ ဒီလိုကိစ္စများကျတဲ့

အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ အစီအစဉ်နဲ့ဆောင်ရွက်မယ်ဆိုတဲ့ဟာလည်း တကယ်တမ်းကျတော့ ဥပဒေနဲ့ညီသလားဆိုတော့ မညီပါဘူး။ ဥပဒေနဲ့ညီအောင် သက်ဆိုင်ရာဝန်ကြီးဌာနများက လုပ်ဆောင်နိုင်ရန် ဥပဒေ သို့မဟုတ် နည်းဥပဒေကို ပြန်လည်ဖြည့်စွက်ဆောင်ရွက်မှသာ အဆင်ပြေနိုင်မယ်ဖြစ်တဲ့အတွက် ဒီကိစ္စကလည်း အရေးကြီးတဲ့ အလုပ်သမားကိစ္စတစ်ခုဖြစ်တယ်။ ဥပဒေနှင့်ဆက်စပ်တယ်။ ဒါကြောင့်မို့လို့ ဥပဒေများကို ပြန်လည်လေ့လာသုံးသပ်ပြီး ပြင်ဆင်စရာရှိက ပြင်ဆင်ဖို့၊ ဖြည့်စွက်စရာရှိက ဖြည့်စွက်ဖို့။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မူလဥပဒေမှာ ပြင်ဆင်စရာမလိုဘူး။ ဖြည့်စွက်စရာမလိုဘူးဆိုလို့ရှိရင်လည်း နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့ ဖြည့်စွက်ဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဒါကြောင့်မို့လို့ မေးခွန်းမေးတဲ့ မေးခွန်းရှင်ရော၊ သက်ဆိုင်ရာ ဒီဥပဒေနှင့်သက်ဆိုင်တဲ့ ကော်မတီရော၊ ဒီဥပဒေနှင့်သက်ဆိုင်တဲ့ စီမံခန့်ခွဲရမယ့် အလုပ်သမားဝန်ကြီးဌာနကရော၊ ကျွန်တော်တို့လွှတ်တော်က ဖွဲ့စည်းထားတဲ့ အထူးကိစ္စရပ်များကော်မရှင်ရော ညှိနှိုင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ပိုမိုသင့်မြတ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ကျွန်တော် ဒီမှာ ဒါနဲ့ပတ်သက်လို့ ဥပဒေကိစ္စကို လက်တန်းပြောမယ်ဆိုလို့ရှိရင်လည်း လိုအပ်ချက်တွေရှိသွားနိုင်တဲ့အတွက် ကျွန်တော် အခုလိုကြားဖြတ်ပြီးတော့ ဝင်ရောက်ဆွေးနွေးခြင်းဖြစ်ပါတယ်။

**ဆည်းငယ်၊ ကန်ငယ်တည်ဆောက်ရန် သင့်တော်သော ကျေးရွာတိုင်းတွင် ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးပြီး စိုက်ပျိုးရေးနှင့်ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဂန့်ဂေါမဲဆန္ဒနယ်က ဦးအောင်မြင့်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံအဝှမ်းသင့်တော်သော ကျေးရွာတိုင်း၌ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များတည်ဆောက်ပေးခြင်း၊ မြေအောက်ရေရရှိရန် ရေတွင်းများတူးဖော်ပေးခြင်းနဲ့ လျှပ်စစ်ဖြင့် ရေတင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး၍ စိုက်ပျိုးရေးနှင့်သားငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်စေပြီး အလုပ်အကိုင် အခွင့်

အလမ်းများရရှိကာ ကျေးလက်နေတောင်သူလယ်သမားများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ် တစ်ရပ်အနေဖြင့် နိုင်ငံတော်မှစီမံကိန်းတစ်ရပ်ချမှတ်၍ ဆောင်ရွက်ပေးရန် အစီအစဉ်အား နိုင်ငံ အဝှမ်း ကျေးလက်နေတောင်သူလယ်သမားများအကျိုးအတွက် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများအား ငွေကြေးအမြောက်အများအကုန်ကျခံ၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးလက်တောရွာနေပြည်သူများရဲ့ လိုအပ်ချက်များကို ကွက်လပ် မကျန် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးမှုကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကောင်းမွန်ခြင်း၊ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍများကောင်းမွန်ခြင်း၊ ပညာရေးကဏ္ဍများကောင်းမွန်ခြင်း၊ ကျန်းမာရေး ကဏ္ဍများ ကောင်းမွန်ခြင်းများဟာလည်း ယခင်ကာလများကထက် ပိုမိုဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီး အပွင့်များကို ကျေးလက်တောရွာနေပြည်သူများ လက်တွေ့အကျိုးခံစားနေကြရပြီဖြစ်ပါတယ်။ တချို့ ကျေးရွာများမှာ စိုက်ပျိုးရေအတွက် ဆည်ငယ်၊ ကန်ငယ်များတည်ဆောက်ပေးခြင်း၊ ရေတွင်းများ တူးဖော်ပေးခြင်း၊ လျှပ်စစ်ဖြင့် ရေတင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြတဲ့အတွက် တစ်နှစ် တစ်သီးစားမှ နှစ်သီးစားသုံးသီးစားများ စိုက်ပျိုးနိုင်ကြပြီး သားငါးမွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင် နိုင်ကြလို့ တောင်သူလယ်သမားများနှင့် လက်လုပ်လက်စားများ အလုပ်အကိုင်များရရှိကာ ဝင်ငွေများ တိုးပွားခြင်းများကြောင့် စီးပွားရေးများကောင်းမွန်နေကြပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာလူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းရှိတဲ့ ကျေးလက်တောရွာနေပြည်သူများရဲ့ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းရဲ့အဓိကလိုအပ်ချက်မှာလည်း စိုက်ပျိုးရေအလုံအလောက် ရရှိရေးပင်ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ကျေးလက်တောရွာနေ ပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရဲ့ အဓိကလုပ်ငန်းဟာလည်း စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်း ဖြစ်တဲ့အတွက် စိုက်ပျိုးရေရရှိရေးကို အထူးဦးစားပေးအဖြစ် ဆောင်ရွက်ပေးခြင်းသည် အဓိက လိုအပ်ချက်ဖြစ်နေပါတယ်။ ကျေးရွာတိုင်းမှာ ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပြီး ရေအလုံ အလောက်ရရှိအောင်ဆောင်ရွက်ပေးနိုင်ပါက စိုက်ပျိုးရေးလုပ်ငန်းနှင့် သား၊ငါး မွေးမြူရေးလုပ်ငန်း များလုပ်ကိုင်ဆောင်ရွက်နိုင်ကြမှာဖြစ်လို့ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွား၍ အချိန်တိုအတွင်း စီးပွားရေးများကောင်းမွန်ပြီး ဆင်းရဲမှုလျှော့ကျစေမှာဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအဝှမ်းသင့်တော်ပြီးလိုအပ်သော ကျေးရွာတိုင်း၌ ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးခြင်း၊ ရေတွင်းများတူးဖော်ပေးခြင်းနှင့် လျှပ်စစ်ဖြင့်ရေတင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိပြီး တစ်နှစ်တစ်သီးစားနှစ်သီးစားမှ သုံးသီးစားစိုက်ပျိုးနိုင်ကာ တောင်သူလယ်သမားများနှင့် လက်လုပ်လက်စား အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်၍ ဝင်ငွေများတိုးပွားစေလျက် စီးပွားရေးများကောင်းမွန်စေရန်နှင့် ဆင်းရဲနွမ်းပါးမှုများ အလျင်အမြန်လျော့နည်းပပျောက်စေရန် ရည်ရွယ်ပြီး ကျေးလက်နေပြည်သူများအား ကြွယ်ဝကြီးပွားချမ်းသာစေလိုသော ဆန္ဒများနဲ့ နိုင်ငံတော်မှ စိုက်ပျိုးရေရရှိရေးအား သင့်တော်သော ကျေးရွာတိုင်း၌ ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးခြင်းလုပ်ငန်းများကို စီမံကိန်းတစ်ရပ်ချမှတ်၍ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးလက်တောရွာနေ တောင်သူလယ်သမားများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**သဘာဝငါးမွေးကန်များသဖွယ် ဖြစ်တည်နေသော မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းကြီး၊ ချောင်းငယ်များအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဟုမ္မလင်းမဲဆန္ဒနယ်က ဦးအေး မေးမြန်းဖို့ ဖြစ်ပါတယ်။ အစီအစဉ်(၉)ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နှစ်စဉ်ငါးရစ်၊ ငါးသန်ကာလမှာ သတ်မှတ်ထားတဲ့ မေ၊ ဇွန်၊ စက်တင်ဘာအထိ ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနမှနှစ်စဉ် အမိန့်ကြေညာချက်ထုတ်ပြန်လျက်ရှိပါတယ်။ ယခုအခါ နိုင်ငံနှင့်အဝှမ်း ဧရာဝတီ၊ ချင်းတွင်းနဲ့အခြားမြစ်များချောင်းများတွေမှာ တားမြစ်မှုကို ချိုးဖောက်ပြီး အုပ်စုဖွဲ့ပြီးတော့ ဘက်ထရီရှော့ခ်တိုက်တဲ့ ငါးဖမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြပါတယ်။ ဘက်ထရီရှော့ခ်တိုက်တဲ့ ငါးဖမ်းခြင်းဟာ ငါးရွေးချယ်ဖမ်းဆီးနိုင်ခြင်းမရှိတဲ့အတွက် ငါးအရွယ်မျိုးစုံ၊ ရေနေသတ္တဝါမျိုးစုံ သေကြေပျက်စီးကြရပါတယ်။

ယင်းကဲ့သို့ ဖမ်းဆီးခြင်းကို ကြေညာချက်တုတ်ပြန်ရုံဖြင့် တားဆီး၍မရနိုင်ပါ။ ပထမအဆင့် ဒီလို ဆောင်ရွက်နေတဲ့ ရေလုပ်သားများကို အုပ်စုလိုက် ပညာပေးခြင်း ဆောင်ရွက်ပြီး၊ ပညာပေးကာလ ကုန်ဆုံးတဲ့အခါ ဖမ်းဆီးအရေးယူအပြစ်ပေးသင့်ပါတယ်။ ယင်းဘက်ထရီရှော့ခ်တိုက် အဖွဲ့များဟာ ငါးလုပ်ငန်းဦးစီးဌာနတစ်ခုတည်းဖြင့် တားဆီး၍မရနိုင်ပါ။ အချို့အဖွဲ့များမှာ တုန့်ပြန်ရန်လက်နက် များပင်အဆင်သင့် ဆောင်ထားကြကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်းပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ သို့မှသာ ရိုးသားစွာဥပဒေအတွင်းလိုက်နာသော ရေလုပ်သားများအတွက် ကူညီပေးရာ ရောက်မှာဖြစ်ပါတယ်။

ဒါ့အပြင် ဥပဒေမဲ့ငါးဖမ်းဆီးခြင်းကိုတားမြစ်ရန် လိုအပ်သလိုပဲ နိုင်ငံတော်အတွင်းမှာ သဘာဝ ငါးမွေးကန်ကြီးများသဖွယ်ဖြစ်တည်နေကြတဲ့ မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းငယ်များအတွင်းသို့ စီမံချက် ချပြီးတော့ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ငါးမျိုးများ စိုက်ထည့်ပေးသင့်ပါတယ်။ ဂရန်ပေါက်အင်းတွေ မှာတော့ လေလံအောင်လုပ်ငန်းရှင်များကနေပြီးတော့ အင်းများကို စောင့်ရှောက်ခြင်း၊ ငါးမျိုးစိုက် ထည့်ခြင်းများ ဆောင်ရွက်နေကြတာဖြစ်တဲ့အတွက် အင်းကြီးများအတွက် လိုအပ်မှုရှိလာမည်မဟုတ် ပါ။ ဤကဲ့သို့ ဆောင်ရွက်ပေးပါက ငါးသယံဇာတပေါများလာပြီး၊ နိုင်ငံတော်ရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးမူဝါဒကိုလည်းပဲ ကူညီရာရောက်မှာဖြစ်ပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်။ (၁) ငါးမျိုး အလွန်ပြုန်းတီးစေသော ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းခြင်းကို တားဆီးရန် စီမံချက်ချဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ (၂) သဘာဝငါးမွေးကန်ကြီးသဖွယ်ဖြစ်တည်နေသော မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းကြီး၊ ချောင်းငယ်များ အတွင်းသို့ ငါးမျိုးများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် စီမံချက်ချမှတ်၍ စိုက်ထည့်ပေးမည့်အစီအစဉ် ရှိ/မရှိကိုသိရှိလိုပါကြောင်း ပြည်သူအများသိရှိနိုင်ရန် အကျိုးအကြောင်းဖော်ပြရှင်းလင်းပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်အား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်

**မူကြမ်း**

ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပထမဦးစွာ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရဲ့မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကနေပြီး ဝန်ကြီးရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်မြင့်မှ အခုလို ကျွန်တော်စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းကို ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပတ်သက်ပြီး စိတ်ပါဝင်စားစွာနဲ့ မေးမြန်းတဲ့အတွက်လည်းကောင်း၊ ကျေးလက်ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို High Light လုပ်ပြီးတော့မှ ဆွေးနွေးသွားတဲ့အတွက်လည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ ညောင်လယ်ရွာ၊ လက်ပန်ရွာ၊ ထယ်လှော်ရွာ၊ တောင်ယာပြင်ရွာ၊ တောဖို့ရွာ၊ ပန်းထိပ်ရွာ၊ ချောင်းနက်ရွာ၊ လာဘို့ရွာ၊ တောင်ပြင်ရွာ၊ ကျော်ရွာ၊ ကျွန်းခုံသာရွာ၊ ကန်သာရွာ၊ ရေရှင်မရွာ၊ တောင်ခင်ရန်းရွာ၊ စန်းမြို့ရွာ၊ သင်တောရွာနှင့် ဟံသာဝတီရွာတို့မှာရှိတဲ့ ဆည်ငယ်၊ ကန်ငယ်များနှင့် ရေမြောင်းများကို စိုက်ပျိုးရေကောင်းမွန်စွာရရှိရေးအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ဖို့ ကွင်းဆင်းစစ်ဆေးပြီး စူးစမ်းလေ့လာမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ စူးစမ်းလေ့လာမှုများအရဆောင်ရွက်ရန် လိုအပ်ချက်အပေါ်မှာ အသေးစိတ်တိုင်းတာတွက်ချက်မှုများဆောင်ရွက်ပြီးတော့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ တင်ပြတောင်းခံနိုင်ရေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးတော့မှ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့မှ ကျွန်တော့်တို့ဝန်ကြီးဌာနမှတစ်ဆင့် ဖြေကြားသွားတာရှိပါတယ်။

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးမျိုးများမျိုးပြုန်းတီးမှုကို ကာကွယ်ထိန်းသိမ်းဖို့ ဆည်ရေလှောင်ကန်တမံများအနီးပတ်ဝန်းကျင်မှာ နေထိုင်ကြတဲ့ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် ဟင်းစားငါးရှာဖွေစားသောက်နိုင်ရန်အတွက် တည်ဆောက်ပြီးတဲ့ ဆည်ကန်များမှာ ငါးသားပေါက်များကို စိုက်ထည့်မွေးမြူပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျေးရွာသုံးရေကန်

များမှာလည်း ကျေးရွာသူ/ကျေးရွာသားများရေသုံးစွဲနိုင်ရုံသာမက ငါးရိက္ခာကိုပါ ထုတ်လုပ်နိုင်ရန်အတွက် ငါးမျိုးများစိုက်ထည့်မွေးမြူပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနဟာ ငါး၊ ပုဇွန် သယံဇာတများ မျိုးမပြုန်တီးစေရေးအတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း ငါး၊ ပုဇွန် မွေးမြူရေးလုပ်ငန်းအား စနစ်တကျ စီမံကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆည်ရေလှောင်တမံများအနီး ပတ်ဝန်းကျင်တွင် နေထိုင်ကြတဲ့ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်ဟင်းစားရှာဖွေစားသောက်နိုင်ရန်အတွက် တည်ဆောက်ပြီးဆည်ကန်များမှာ ငါးသားပေါက်များကို နှစ်စဉ်စိုက်ထည့်မွေးမြူပေးလျက်ရှိတဲ့အပြင် ကျေးရွာသုံးရေကန်များမှာလည်း ဒေသခံရွာသူရွာသားများ ရေကိုအသုံးပြုရုံသာမက ငါးရိက္ခာကိုပါ ထုတ်လုပ်သုံးစွဲနိုင်ရန်အတွက် ငါးသားပေါက်များကို မျိုးစိုက်ထည့်မွေးမြူပေးလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆည်ကန် ၃၅ လုံးမှာ ငါးသားပေါက်ကောင်ရေ ၂၁.၁၅ သိန်းနဲ့ ကျေးရွာကန် ၃၃၆ ကန်မှာ ငါးသားပေါက်ကောင်ရေ ၁.၈၃၅ သိန်း စိုက်ထည့်မွေးမြူရန် အစီအစဉ်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေနဲ့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီး ကျွန်တော်ဆက်လက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ အခုလိုကျွန်တော်တို့ ငါးလုပ်ငန်းကဏ္ဍနှင့်ပတ်သက်ပြီး ဒီနေ့ကျွန်တော်တို့ကြုံတွေ့နေရတဲ့ ရေသယံဇာတထိန်းသိမ်းရေးနဲ့ ဒီ Public Awareness ကိစ္စရပ်အတွက်ကို စိတ်ပါဝင်စားစွာ မေးမြန်းပေးတဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းခြင်းဟာ ငါးမျိုးအလွန်ပြုန်းတီးစေတဲ့ ငါးဖမ်းနည်းစနစ်တစ်ခုဖြစ်တဲ့အတွက် ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများက စီမံချက်များရေးဆွဲပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ (၁)အနေနဲ့ ဥပဒေနဲ့တားမြစ်ခြင်း၊ (၂)အနေနဲ့ ဥပဒေဖောက်ဖျက်ကျူးလွန်မှုများကို အရေးယူဆောင်ရွက်ခြင်း၊ (၃)အနေနဲ့ ကွင်းဆင်းပညာပေးစည်းရုံးဆောင်ရွက်ခြင်းဆိုတဲ့ နည်းလမ်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးမှုများနှင့်ပတ်သက်ပြီးတော့မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈ ဇယား ၂(၃)(စ) အရ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ရေးဆွဲအတည်ပြုထားတဲ့ ရေချိုငါးလုပ်ငန်းဥပဒေပါတားမြစ်ချက်၊ ပြစ်ဒဏ်များနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပြီးတော့မှ ဥပဒေအတည်မပြုရသေးတဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာ တည်ဆဲ ရေချိုငါးလုပ်ငန်းဥပဒေ (၁၉၉၁ ခုနှစ်) ပါဖော်ပြချက်များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့နေရာမှာ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးခြင်းအပါအဝင် ငါးသယံဇာတပြုန်းတီးစေတဲ့ ငါးဖမ်းနည်းစနစ်၊ ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်း တားမြစ်ငါးဖမ်းကာလတွင် ငါးဖမ်းဆီးခြင်းများမပြုရန် တိုင်းဒေသကြီး/ပြည်နယ်များမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့်ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်အထောက်အကူပြုကော်မတီများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအဆင့် အထောက်အကူပြုကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ရေလုပ်သားများကိုကွင်းဆင်းပြီး ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပိုစတာစိုက်ထူခြင်း၊ TV၊ ရေဒီယို၊ သတင်းစာများမှ အမိန့်ကြော်ငြာစာများ၊ ဆောင်ပုဒ်များ၊ ပညာပေးဇာတ်လမ်းများထုတ်ပြန်ခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဥပဒေနဲ့ တားမြစ်အရေးယူဆောင်ရွက်မှု၊ ကွင်းဆင်းစစ်ဆေးပညာပေးမှုများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ မြစ်ချောင်းများ၊ သဘာဝရေကန်အင်းများမှာ ငါးလုပ်ငန်းဦးစီးဌာနကနေ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများအား ရေချိုငါးလုပ်ငန်းရှင်များနှင့်ပေါင်းစပ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရေချိုငါးလုပ်ငန်း ရေပြင်အတွင်းမှာ သဘာဝငါးမျိုးများအပြင် မွေးမြူရေး ငါးမျိုးကောင်းမျိုးသန့်များထုတ်လုပ်နိုင်ရေး၊ ငါးအထွက်နှုန်းတိုးစေရေး၊ ကျေးလက်နေတောင်သူများ ဟင်းစားရရှိနိုင်ရေးအတွက် ဌာနပိုင်ငါးသား ပေါက်စခန်း ၂၆ ခုကနေပြီးတော့မှ နိုင်ငံတော်ဘတ်ဂျက်နဲ့ ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းများကို ၂၀၀၀-၂၀၀၁ ခုနှစ်ကစပြီး နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မှူကြမ်း**

သဘာဝမြစ်ချောင်းများအတွင်းမှာ ငါးသားပေါက်စိုက်ထည့်မှု၊ ဧရာဝတီမြစ်အတွင်းမှာ ငါးသားပေါက်စိုက်ထည့်မှု၊ ဆည်/ရေလှောင်တမံအတွင်းမှာငါးသားပေါက်စိုက်ထည့်မှု၊ စပါးခင်းများအတွင်းမှာ ငါးသားပေါက်စိုက်ထည့်မှု၊ ဂရန်အင်းများအတွင်းမှာ ငါးသားပေါက်စိုက်ထည့်မှု၊ တပ်မတော်/ဌာနဆိုင်ရာ ငါးမွေးကန်များအတွင်း ငါးမျိုးစိုက်ထည့်မှုဆိုတဲ့ လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ သဘာဝမြစ်ချောင်းအင်းအိုင်များ၊ ဆည်/ကန်/ရေလှောင်တမံများနှင့်စပါးခင်းများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ နိုင်ငံတော်ဘတ်ဂျက်ဖြင့် စီမံချက်များချမှတ်၍ နှစ်အလိုက်ငါးသားပေါက်များ မျိုးစိုက်ထည့်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ မြစ်ချောင်းများအတွင်း ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးခြင်းများအား အသိပညာပေးခြင်း၊ သတင်းရယူခြင်း၊ ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းများဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများအား လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာမေးတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့အချိန်ကဒုတိယဝန်ကြီးလည်းပြောသွားပါတယ်။ ကျွန်တော်လည်းထပ်ဆင့်ပြီးတော့ ရှင်းလိုက်တာရှိပါ

တယ်။ ဒီနေရာမှာနည်းနည်းကျန်တဲ့အတွက် ဒုတိယဝန်ကြီးဒေါ်ဝင်းမော်ထွန်းကိုလည်း ပြန်ဖိတ်ကြားခဲ့ပါတယ်။ နောက်မှာပဲထိုင်လိုက်ပါ။ အဲ့တော့ကျွန်တော်တို့နိုင်ငံ့ဝန်ထမ်းဆိုတဲ့နေရာမှာ တပ်မတော်သားတွေလည်းပါပါတယ်။ ရဲတပ်ဖွဲ့တွေလည်းပါပါတယ်။ တပ်မတော်လို၊ ရဲတပ်ဖွဲ့လိုထူးခြားတဲ့လက်နက်ကိုင်အဖွဲ့အစည်းများကတော့နိုင်ငံ့ဝန်ထမ်းများအတွက် အများပြည်သူရုံးပိတ်ရက်ဆိုသော်လည်း ဒီအတွက်သီးခြားခံစားခွင့်တော့မရှိပါဘူး။ သို့ရာတွင် ကျွန်တော်နားလည်သလောက်ပြောရမယ်ဆိုရင် တပ်မတော်မှာဥပမာအားဖြင့် ရေတပ်ဆိုလို့ရှိရင် အနေအထိုင်ကျဉ်းကြပ်မှုစရိတ် Allowance ပေါ့။ အဲ့တိုင်းပဲလေတပ်မှာဆိုလို့ရှိရင် လေယာဉ်မောင်းသူများအတွက် ထိုက်သင့်တဲ့စရိတ် ဒီလိုတွေချီးမြှင့်တာတော့ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ခုနကဦးကြည်သာတို့ ဆွေးနွေးခဲ့တဲ့ ရေအားလျှပ်စစ်လို၊ ဂစ်တာဘိုင်လိုစသဖြင့် ဒီကိစ္စမျိုးတွေမှာအချိန်ပြည့်အားလပ်ရက်မရှိဘူး။ တာဝန်ထမ်းဆောင်ရတယ်ဆိုလို့ရှိရင်လည်းခုနကပြောတဲ့ စရိတ်လိုဟာမျိုးဥပဒေနဲ့ နည်းဥပဒေတွေဒါတွေကို ထည့်သွင်းဆုံးဖြတ်ဆောင်ရွက်မယ်ဆိုရင်တော့ ဖြစ်နိုင်စရာအကြောင်းရှိပါတယ်။ ဒါလေးကိုခုနကမေးခွန်းများအားလုံးမေးပြီးလို့ရှိရင်တော့ ဒါလေးပြန်တင်ပြဖို့ပါ။

သို့ရာတွင် အခုဒီအစည်းအဝေးပြန်တက်တဲ့အချိန်မှာ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနဲ့လမ်းမှာတွေ့တယ်။ တွေ့တဲ့အခါမှာမပြန်နဲ့အုံး။ ဒီအခန်းထဲခဏဝင်ခဲ့ပါ။ ပြီးခဲ့တဲ့အခါကျလို့ရှိရင် ကျွန်တော်ပြောစရာလေးတွေရှိပါတယ်။ ပြီးရင်တော့ ပြန်ပါဆိုပြီးတော့ ကျွန်တော်ပြောခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ကမေးတဲ့ မေးခွန်းနှင့်ပတ်သက်လို့ နိုင်ငံ့ဝန်ထမ်းဆိုတဲ့နေရာမှာ ကျွန်တော်တို့ တပ်မတော်သားတွေလည်းပါပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေလည်းပါပါတယ်။ သူတို့တစ်တွေကတော့ ခုနကရုံးပိတ်ရက်ရယ်လို့မရှိဘဲနဲ့ ဆောင်ရွက်နေရတဲ့ကိစ္စရှိတဲ့နေရာမှာ ရေတပ်ဆိုလို့ရှိရင်တော့ နေထိုင်မှုကျဉ်းကြပ်မှုစရိတ် Allowance ပေးပါတယ်။ တပ်မတော်လေမှာလည်း ဒီတိုင်းပဲပေးပါတယ်။ တခြားတခြားနေရာတွေမှာလည်း ဒီတိုင်းရှိနိုင်တဲ့အတွက် ခုနက ဦးကြည်သာမေးတဲ့မေးခွန်းထဲက ဌာနအသီးသီးမှာလည်း ဒီလိုကိစ္စမျိုးများရှိတယ်ဆိုလို့ရှိရင်လည်း ပြီးပြီပေါ့။ မရှိဘူးဆိုလို့ရှိရင်လည်း ခုနကဥပဒေနှင့်အညီဆောင်ရွက်နိုင်ဖို့လိုအပ်ပါကြောင်း ကျွန်တော့်အနေနဲ့ ဖြည့်စွက်ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ဒေါ်ဝင်းမော်ထွန်းပြန်လို့ရပါပြီ။

**ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ဆောင်နေသည့် လုပ်ငန်းများကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးခွန်လိန်း၊ ဖလမ်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားအပ်ပါသောဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပြည်ထောင်စုအစိုးရက နေပြီးတော့ ဆောင်ရွက်နေတဲ့၊ ခွင့်ပြုပေးနေတဲ့ ရန်ပုံငွေ၊ ထောက်ပံ့ငွေကစပြီးတော့ လုပ်ငန်းများ ဘယ်လိုအခြေအနေရှိသလဲဆိုတာကိုထင်သာမြင်သာရှိအောင် ဖော်ပြနိုင်ခြင်းရှိ/မရှိသိရှိလိုတဲ့အတွက် ကြောင့် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ကျွန်တော့် အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကနေ ပြီးတော့ ပံ့ပိုးကူညီတဲ့ ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးဖြစ်နေတဲ့ ချင်းပြည်နယ်ရဲ့ တိုးတက်ရေးအတွက် ချမှတ် ပေးတဲ့ ထောက်ပံ့ငွေတွေကိုအကျိုးရှိရှိချင်းပြည်နယ် တိုးတက်ရေးအတွက် ဘယ်လို၊ မည်မျှ၊ ဘယ် အဆင့်၊ ဘယ်အတိုင်းအတာအထိအသုံးပြုပြီးပြီလဲဆိုတာကို လွှတ်တော်ကြီးတစ်ခုလုံးကနေပြီးတော့ သာဓုခေါ်နိုင်ဖို့ရန်အတွက်လည်း ကျွန်တော့်အနေနဲ့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပေးကားပေး၏မရဆိုသလိုဖြစ်မှာစိုးလို့ပါ။ ကျွန်တော်တို့ အားလုံးသိပါတယ်။ ပုတ်သင်ညိုဟာ မိုးတွင်း မှာဥဥတယ်။မိုးရွာတဲ့အခါ သူ့ဥကိုမိုးရေကနေပြီးတော့ ဟိုးတခြားနေရာ သူ့အမေမရှိတဲ့နေရာ၊ ဟိုး အဝေးကြီးမှာ လွင့်ထွက်သွားပြီးတော့ အဲဒီမှာပဲသူကပေါက်တယ်ဆိုတာမျိုးတွေ မဖြစ်အောင်ပေးတဲ့ ရန်ပုံငွေတွေဟာပေးတဲ့နေရာမှာထိထိမိမိနဲ့ အကျိုးရှိရှိအသုံးပြုနိုင်ခြင်းရှိ/မရှိ။ ရှိခဲ့လို့ရှိရင်လည်း အဲ့ဒါ ကိုပြန်လည်ပြီးတော့ ကျွန်တော်တို့အားလုံးသိအောင်၊ ထင်သာမြင်သာရှိအောင် ဒီရန်ပုံငွေ၊ ထောက်ပံ့ ငွေကနေပြီးတော့ ဒီဆင်းရဲနွမ်းပါးနေတဲ့ ဒီပြည်နယ်အတွက် ဒါလောက် စွမ်းဆောင်မှုပေးနိုင်တယ် ဆိုတာကို ကျွန်တော်တို့အားလုံးသိရှိဖို့ရာအတွက် ရည်ရွယ်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒါကိုတင်ပြခြင်း ဖြစ်ပါတယ်။

အဲ့ဒီတော့ကား ကျွန်တော်တို့ ချင်းပြည်နယ်မှာအားလုံးသိတဲ့အတိုင်းပဲ ကမ္ဘာ့ UNDP ကကော၊ နောက်ပြီးကျွန်တော်တို့ စာရင်းအင်းဌာနကကော၊ ထုတ်ပြန်တဲ့ စာရင်းတွေအားလုံးမှာချင်းပြည်နယ်ရဲ့ ဆင်းရဲမှုကိုမှတ်တမ်းတင်ကြပါတယ်။ ဆင်းရဲပါတယ်။ မှန်ပါတယ်။ ဒါပေမယ့်လို့ ဥက္ကဋ္ဌကြီးကတော့ ကျွန်တော်တို့ခရီးစဉ်မှာမင်းတို့ချင်းတွေမဆင်းရဲပါဘူးဆိုပြီးတော့ ကျွန်တော့်ကိုပြောတယ်။ ကျွန်တော် ကတော့ ပြန်ငြင်းပါတယ်။ ချင်းတွေကအိမ်တွေနှစ်ထပ်အိမ်ကြီးတွေနဲ့၊ သစ်သားအိမ်တွေနဲ့ အိမ် ကောင်းကောင်းရှိပါတယ်ဆိုတော့။ မှန်ပါတယ်။ ကျေးလက်တောရွာတွေမှာ ကျွန်တော်တို့ အိမ်တော့ ရှိပါတယ်။ ဒါပေမယ့်လို့ အထဲမှာ ဥက္ကဋ္ဌကြီးအထဲဝင်ကြည့်လို့ရှိရင် ဝါးနဲ့ယက်ထားတဲ့ပုတ် အစုတ်

အဟောင်းကြီးတွေပဲမြင်ရမှာပါဆိုပြီးတော့ ကျွန်တော် ပြောခဲ့ပါတယ်။ ဆိုလိုတာက ကျွန်တော် တို့ ချင်းပြည်နယ်ကတော့ အင်မတန်ဆင်းရဲပါတယ်ဆိုတာကို ကျွန်တော်တို့ ဝန်ခံပါတယ်။ သို့သော် လည်းပဲ ကျွန်တော်တို့ ပြည်နယ်ကအင်မတန်မှအေးချမ်းတဲ့ ပြည်နယ်ဆိုတာကိုလည်း အသိအမှတ်ပြု ပေးကြပါလို့ ဒီနေရာကနေပြီးတော့ ကျွန်တော်တောင်းဆိုချင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူပုန် သူကန်တာဆိုတာမရှိပါဘူး။ အေးချမ်းပါတယ်။ ကျွန်တော်တို့ ဘယ်ကိစ္စကိုမဆို၊ ဘယ်စီမံချက်ကိုမဆို လုပ်ဆောင်မယ်ဆိုရင် ဝိုင်းဝန်းပြီးတော့ လုပ်ဆောင်ဖို့ရန်အတွက် ၂၄ နာရီမကပါဘူး။ တစ်နှစ်ပတ်လုံး ကိုအချိန်ရနိုင်ပါတယ်ဆိုတာကိုလည်း ကျွန်တော်တင်ပြလိုပါတယ်။ အဲ့တော့ ဒီလိုပြည်နယ်အတွက် ကျွန်တော်တို့ အစိုးရအဆက်ဆက်ကနေပြီးတော့ တိုးတက်ဖို့ရန်ဆိုပြီးတော့ လုပ်ပေးတာတွေအများကြီး ရှိပါတယ်။ လုပ်မပေးတာ မဟုတ်ပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ လုပ်ခဲ့တဲ့အလုပ်တွေက ဒီ ပြည်နယ်အတွက်အကျိုးဖြစ်ထွန်းမှုရှိ/မရှိကိုတိုးတက်မှုမရှိဘဲနဲ့အပေါ်ပိုင်းကနေပြီးတော့ ဒီလိုလုပ်ကြ ဟေ့ဆိုတဲ့သဘောမျိုးသဘောမျိုး၊ Top Down တွေပဲဖြစ်နေတဲ့အခါမှာ ကျွန်တော်တို့ စာရင်းဇယား မှာတော့ ချင်းပြည်နယ်ကတိုးတက်ပါတယ်။ ကျွန်တော်ကြားသိသလောက် ဆိုလို့ရှိရင် ချင်းပြည်နယ်ရဲ့ လှေကားထစ်ဧရိယာဟာ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ ဧရိယာထက်တောင်များနေတယ်လို့ အရင် အစိုးရလက်ထက်မှာ ကျွန်တော်တို့ ကြားရပါတယ်။

အဲ့ဒါက ထပ်ခါထပ်ခါထပ်သွားလို့ဖြစ်ပါလိမ့်မယ်။ ပြောင်းဖူးစိုက်ဧရိယာလည်း ဒီလှေကားထစ် ထဲမှာ၊ စပါးစိုက်လည်းဒီလှေကားထစ်ထဲမှာ၊ ကော်ဖီစိုက်လည်း ဒီလှေကားထစ်ထဲဆိုတော့ သုံးလေးခု ပေါင်းလိုက်တဲ့အခါမှာ သူတို့ကပွားသွားတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဲ့ဒီလိုစီမံကိန်းတွေပေးခဲ့ တာတစ်ခါပန်းသီးစိုက်လိုက်၊ ကော်ဖီစိုက်လိုက်၊ လက်ဖက်စိုက်လိုက် အဲ့လိုလုပ်တဲ့အခါမှာ ကျွန်တော်တို့ ဘာမှမအောင်မြင်နိုင်တာဟာဘာ့ကြောင့်လဲဆိုတော့ အဖြေရှာဖို့လိုလာပြီလို့ ကျွန်တော် ထင်ပါတယ်။ အဲ့တော့ အဲ့လိုအဖြေရှာနိုင်ဖို့ရာအတွက် ကျွန်တော်တို့ ဘယ်လိုလုပ်မလဲဆိုတာကို သေသေချာချာ ဒီပြည်ထောင်စုအစိုးရကနေပြီးတော့ ဦးစီးကြပ်မတ်ဖို့လည်းလိုလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ အဲ့လိုကြပ်မတ်တဲ့အခါမှာ သက်ဆိုင်ရာမြို့နယ်၊ သက်ဆိုင်ရာ ကျေးရွာ၊ သက်ဆိုင်ရာ အုပ်စုကနေပြီးတော့ သူတို့အတွက် ဘာအကောင်းဆုံးဖြစ်မလဲဆိုတာကို သူတို့ပဲသိမယ်။ ဒီလိုတွေနဲ့ ပူးပေါင်းပြီးတော့ စီမံချက်တွေအမျိုးမျိုးဆွဲပြီးတော့ ကျွန်တော်တို့လုပ်မှသာလျှင် ဒီပြည်နယ်လေးဟာ အနည်းငယ်တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ခြောက်မိနစ်ရှိသွားပြီ။ မေးခွန်းမမေးသေးဘူးခင်ဗျ။ အဲ့တော့မေးခွန်းမေးလို့ရပါပြီ။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ မေးခွန်းမေးပါတော့မယ်။ ဒီလိုပြည်နယ်အတွက် ချမှတ်ပေးတဲ့ သန်းသုံးထောင်ဆိုတာ ကျွန်တော်တို့ ကြားဖူးပါတယ်။ အဲဒီဟာလည်းထင်သာမြင်သာ မရှိ။ ကျွန်တော်တို့ဟာမသိပါဘူး။ ဟိုလူဆီကအားကိုးရ။ ဒီလူဆီကတောင်းရနဲ့ အမျိုးမျိုးတောင်းမှ သန်းသုံးထောင်ဆိုတာ ကျွန်တော်တို့သိတော့ ကိုယ့်မြို့နယ်ကို ဝေ‌ငှလိုက်ပါတယ်။ အဲ့ဒီဟာကိုဝေငှတဲ့ ဟာကို ကျွန်တော့်အနေနဲ့ သိချင်တာကစီမံကိန်းလုပ်မှုအပေါ်မှာမူတည်ပြီးတော့ ဝေတာလား။ ရော့ဟဲ့ မင်းတို့ဒီလောက်ယူ။ ဒီလောက်ယူဆိုပြီးတော့ ဒီတိုင်းပဲပေးလိုက်တာလားဆိုတာ သိချင်ပါတယ်။ နောက်ပြီးတော့ အဲ့လိုခွဲဝေပြီးတဲ့အခါမှာဒီရန်ပုံငွေတွေကို အသုံးပြုတဲ့နေရာမှာ မြို့နယ်အလိုက်ပေါ့ ဘာအတွက်သုံးသလဲ။ အသုံးပြုတဲ့ဟာထိရောက်မှုဘယ်လောက်ရှိလဲဆိုတာပြန်လည်စစ်ဆေးမှုရှိ/မရှိ။ အခုဆိုရင် အထောက်အကူပြုကော်မတီတွေ ရှိနေပြီဖြစ်တဲ့အတွက်ကြောင့် ဒီအထောက်အကူပြု ကော်မတီကနေပြီးတော့ ဘယ်လောက်အထိတာဝန်ယူပြီးတော့ ဆောင်ရွက်နေသလဲဆိုတာတွေကို သိရှိ လိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းမျိုးနဲ့ ဆက်စပ်ပြီးတော့ ဆင်တူတဲ့မေးခွန်းကို ဒေါ်ခင်မွှေးလွင်၊ မင်းကင်းမဲဆန္ဒနယ်ကဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဆင်းရဲနွမ်းပါးမှုလျှော့ရန် ဒေသနှင့်ကိုက်ညီသည့် နည်းလမ်းသစ်များဖြင့် စီမံကိန်းချဆောင်ရွက်ရန်နှင့် အလုပ်အကိုင်ရှားပါးခြင်း အကြောင်းအရင်းကို ပြန်လည်ဖော်ထုတ်၍ ကုစားနိုင်မည့် နည်းလမ်းရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်မွှေးလွင်၊ မင်းကင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်မွှေးလွင်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ ရှင်။ ကျွန်မအနေနဲ့တော့ ကျွန်မတို့နိုင်ငံအတွင်း အရပ်ဒေသတိုင်းနီးပါးမှာ ကြုံတွေ့နေရတဲ့ ဆင်းရဲ နွမ်းပါးပြည်သူတွေရဲ့ဘဝကို ဆင်းရဲတွင်းကနေပြီးတော့ ရုန်းထွက်နိုင်ကြပါစေရန် ရည်ရွယ်ပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်ရှင်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဟာ နိုင်ငံတော်သမ္မတကြီးရဲ့ အဓိကရည်မှန်း ချက်တစ်ရပ်အနေနဲ့ ဆောင်ရွက်နေတာကို သိရှိထားကြပြီးဖြစ်ပါတယ်။ သက်တမ်းကာလအတွင်းမှာ ဆင်းရဲနွမ်းပါးမှုနှုန်းကို ထက်ဝက်အထိလျှော့ချမယ်လို့လည်းဖွင့်ဟထားပါတယ်။ ဤသို့ဆိုရင် ဆင်းရဲ

နွမ်းပါးမှုလျှော့ချနိုင်ရန်အတွက် လက်တွေ့ဆန်သော လက်တွေ့ကြုံကြိုက်နေရသော နွမ်းပါးသူပြည်သူတွေရဲ့အသံတွေကို နားထောင်ပြီးတော့ အရေးတကြီးဆောင်ရွက်ရန်လိုတဲ့ လုပ်ငန်းတွေကို ဓမ္မဓိဋ္ဌာန်ကျကျရွေးချယ်ဆောင်ရွက်နိုင်မှပဲ ရည်မှန်းချက်ဟာ အကောင်အထည်ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတဲ့ ဆင်းရဲနွမ်းပါးမှုတွေဖြစ်နေတဲ့အတွက်လည်း များစွာမှကျယ်ဝန်းမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ ရည်မှန်းချက်ပြည့်ဝအောင် နွမ်းပါးသူနိုင်ငံသားတွေရဲ့တာဝန်ကို ဖြေရှင်းရမှာကတော့ နိုင်ငံတော်ရဲ့တာဝန်တစ်ခုဖြစ်နေပါတယ်။

ကျွန်မမဲဆန္ဒနယ်မှာရှိတဲ့ နွမ်းပါးသူတွေရဲ့ဘဝကို စစ်တမ်းကောက်ယူလေ့လာကြည့်တဲ့အခါမှာ ရရှိတဲ့အဖြေကတော့ လိုင်စင် C တွေကြောင့် အလုပ်အကိုင်အခွင့်အလမ်းရှားပါးလာခြင်း၊ အလုပ်အကိုင်ရှာဖွေရေးနှင့် အလိမ်အညာခံရခြင်း၊ သစ်တောတွေစည်းကမ်းမဲ့ခုတ်ထွင်ခြင်းတွေကြောင့် ရာသီဉတုတွေဖောက်ပြန်၊ စီးပွားရေးလုပ်ငန်းမှာထိခိုက်ရတာတွေကြောင့် စိုက်ပျိုးစရိတ်ချေးငွေတွေဟာလည်း သမင်မွေးရင်း ကျားစားရင်း ဖြစ်ရတဲ့အဖြစ်တွေ၊ အကြွေးသံသရာကနေပြီးတော့ ရုန်းမထွက်နိုင်ကြတာတွေ၊ မြို့ချင်းဆက်၊ ရွာချင်းဆက်လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းမှုတွေကြောင့်လည်း စီးပွားရေး၊ လူမှုရေးတွေမှာ နိမ့်ပါးရခြင်းစတာတွေကိုလည်း တွေ့ရှိနေရပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေ သန်း ၁၀၀၀ နဲ့ ဆောင်ရွက်တဲ့လုပ်ငန်းတွေမှာလည်း ပွင့်လင်းမြင်သာမှုမရှိဘဲ အမှန်တကယ်ဆင်းရဲသူများမှာ ခံစားခွင့်မရဖြစ်ရပြန်ပါတယ်။ ပြန်လည်စိစစ်ရှင်းလင်းသင့်ပါတယ်။

ငွေချေး၍ ဆင်းရဲမှုကိုလျှော့ချစေရန်နည်းလမ်းဟာလည်း တကယ်လက်တွေ့မှာ အသိပညာပေးခြင်းတွေပါ ပူးတွဲမဆောင်ရွက်နိုင်တဲ့အတွက် ပြန်ဆပ်ရတဲ့အခါ ဒုက္ခများရခြင်း၊ လယ်ယာမြေအာမခံမရှိတဲ့ လက်လုပ်လက်စား ဗာဟီယသမားတွေကို အာမခံမရှိလို့ ချေးငှားခွင့်မရရှိခြင်းတွေရှိနေတဲ့အတွက် အမှန်တကယ်ထိရောက်တယ်လို့ မယူဆနိုင်ပါဘူး။ လက်တွေ့မှာ တွေ့ကြုံနေရတာတစ်ခုကတော့ သဘာဝကနေ ပေါ်ထွန်းလာတဲ့ သဲသောင်တွေကနေ ကျောက်စရစ်ခဲလေးတွေကိုဆန်ခါချပြီးတော့ ရောင်းစားကြရသော သဘာဝအလျောက်ဖြစ်ပေါ်နေတဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ကျောက်ခဲလေးတွေကို ခေါင်းရွက်ကောက်ပြီးတော့ မဖြစ်စလောက်ရောင်းစားကြရတဲ့ လက်လုပ်လက်စားဆင်းရဲဆုံးသူတွေကို ဟန့်တားပိတ်ပင်ခြင်းတွေအထိ ဖြစ်နေကြတာလည်းတွေ့ရှိရပါတယ်။ ယခုဆိုရင် မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ဖို့ရန် ရည်ရွယ်ချက်နဲ့ ကမ္ဘာ့ဘဏ်လို အဖွဲ့အစည်း

တွေကလည်း ဝိုင်းဝန်းကူညီထောက်ပံ့နိုင်ကြရန် ဆွေးနွေးတိုင်ပင်နေကြပြီဖြစ်သလို သမ္မတကြီးကလည်း ဖွင့်ဟပြောဆိုနေပြီဖြစ်ပါတယ်။ အခုလို အခွင့်ကောင်းတွေရရှိနေပြီဖြစ်တဲ့အတွက် တကယ့်အခြေခံဒေသမှာ အမှန်တကယ်ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းသွားနိုင်ခြင်းဟာ ပိုပြီးတော့ ထိရောက်နိုင်မှာဖြစ်ပါတယ်။ လိုအပ်သလို အစဉ်အလာလုပ်ထုံးလုပ်နည်းတွေကို ပြန်လည်သုံးသပ်ပြီးတော့ ပြုပြင်ပေးရန်လည်းဖြစ်ပါတယ်။ မိမိတို့မြို့နယ်မှာဆိုရင် လိုင်စင် C တွေကြောင့်မို့လို့ ပြည်သူတစ်သိန်းဟာ အခက်အခဲတွေ့ကြရပြီးတော့ အစွန်းထွက်လူဦးရေ ၁၀ ဂဏန်းပဲ ကြီးပွားချမ်းသာကာ မြို့နယ်ဘဏ္ဍာငွေဟာလည်း သိန်း ၆၀၀ ခန့်ပဲရရှိတာတွေ့ရပါတယ်။ ဆိုးကျိုးကောင်းကျိုးချိန်ဆပြီးတော့ စတေးကြရတဲ့ လူပေါင်းများစွာရဲ့ ဘဝတွေကိုလည်း ပြန်လည်သုံးသပ်ဖို့အချိန်တန်ပါပြီ။ ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် (က) ဆင်းရဲနွမ်းပါးမှု အမှန်လျှော့ရန် ဒေသနှင့်ကိုက်ညီဆီလျော်မယ့် နည်းလမ်းသစ်တွေနဲ့ စီမံကိန်းချ၍ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ။ (ခ) အလုပ်အကိုင်ရှားပါးသွားခြင်း အကြောင်းအရင်းတွေကို ပြန်လည်ဖော်ထုတ်၍ ကုစားနိုင်မယ့်နည်းလမ်းတွေ အစီအစဉ်ရှိ/မရှိမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းတွေ မဖြေဆိုခင် ခုနက ဦးခွန်လိမ်း ဆွေးနွေးသွားသလို ချင်းပြည်နယ်ဆင်းရဲတယ်။ ကျွန်တော်ကတော့ ဒီလောက်ကြီးမဆင်းရဲပါဘူးဆိုတာ ကျွန်တော် ဖြေခဲ့ပါတယ်။ ဒါကိုလက်ခံတာရှိသလို လက်မခံတာလည်းရှိပါတယ်။ ကျွန်တော် ဒါဘာကြောင့်ပြောလဲဆိုရင် ဦးခွန်လိမ်းတို့ရခိုင်ပြည်နယ်ရယ်၊ ဧရာဝတီတိုင်းဒေသကြီးကိုသွားပြီးတော့ လေ့လာစေချင်ပါတယ်။ ပြည်နယ်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီးဟာ ချမ်းသာတယ်ဆိုသော်လည်း အဲဒီမှာ နေထိုင်စားသောက်ကြတဲ့ ဥပမာအားဖြင့် ဆားတောင်သူလို့ခေါ်ပါတယ်။ ဆားချက်တဲ့ ဆားဖိုတွေမှာနေတဲ့ ဆားလုပ်သားများရဲ့ နေထိုင်မှု၊ စားသောက်မှုဟာ ချင်းပြည်နယ်မှာဆင်းရဲတယ်ဆိုတဲ့လူနဲ့နှိုင်းယှဉ်မယ်ဆိုရင် များစွာဒုက္ခဆင်းရဲတွေရှိပါတယ်။ အဲ့ဒီနည်းတူပဲ ရေလုပ်ငန်းမှာမှ တစ်နေ့လုပ်တစ်နေ့စားရတဲ့ရေလုပ်ငန်းနည်းနည်းရိုင်းတဲ့ အခေါ်ဆိုရင် တံငါသည်များဆိုရင် မြစ်တွင်း၊ ပင်လယ်တွင်းကိုထွက်၊ လှေလေးပေါ်မှာနေ၊ မီးခွက်လေးထွန်း၊ ငါးရှာငါးမျှားတာ တစ်ညလုံးတစ်နေ့လုံးလုပ်ရတဲ့အနေအထားတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်နယ်အနေနဲ့တော့ ဆင်းရဲတယ်။ ဘယ်ပေါ်မှာတွက်လဲ။ တစ်ဦးချင်းဝင်ငွေ GDP မှာတွက်တယ်။ ပြည်နယ်ရဲ့ GDP မှာတွက်တယ်။ နှိုင်းယှဉ်တဲ့အခါမှာဆင်းရဲတယ်။

သို့သော် လူတစ်ဦးချင်း တစ်ဦးချင်းနေထိုင်မှုဟာ ခုနက ချင်းပြည်နယ်မှာ အဆင်းရဲဆုံးဆိုတဲ့ သူထက် ဧရာဝတီတိုင်းမှာနေကြတဲ့ ဆားတောင်သူများနေထိုင်မှုကို သွားလေ့လာကြည့်ပါ။ ရခိုင်ပြည်နယ်မှာရှိတဲ့ ဆားတောင်သူများ၊ ခုနက သားငါးရှာတဲ့သူများကိုကြည့်ပါ။ ဒီလိုနှိုင်းယှဉ်မယ်ဆိုရင် ချင်းပြည်နယ်သည် ပြည်နယ်တစ်ခုလုံးအနေနဲ့ ဆင်းရဲတယ်ဆိုသော်လည်း တစ်ဦးချင်းတစ်ဦးချင်းမှာတော့ ခုနက ကျွန်တော်တင်ပြတဲ့နေရာလောက်တော့ မဆိုးဘူးလို့ ကျွန်တော်ရဲရဲပြောရဲပါတယ်။ အခုလည်း ခုနက မင်းကင်းမဲဆန္ဒနယ်က ဒေါ်ခင်မွေးလွင်တင်ပြသွားတဲ့ ဆင်းရဲတဲ့နေရာမှာ နေရာအနှံ့အပြားမှာရှိပါတယ်။ ရှိတဲ့အတွက် ဆင်းရဲနွမ်းပါးမှုကို နိုင်ငံတော်သမ္မတကြီးအပါအဝင် ကျွန်တော်တို့ တစ်တွေ ဝိုင်းဝန်းလျှော့ချတိုက်ဖျက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဦးခွန်လိမ်းက ပြောတဲ့အတွက် ကျွန်တော် ထင်သာမြင်သာရှိအောင်၊ နှိုင်းယှဉ်နိုင်အောင် ပြောပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် မေးခွန်းနှစ်ခုကို ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းထားပါတယ်။ ဒီအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ သက်ဆိုင်ရာဝန်ကြီးဌာနကို ဖိတ်ခေါ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိမ်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းချက်တွေကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ကနေပြီးတော့မှ ဝန်ကြီးရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီးတော့မှ လုပ်ငန်းစဉ်တွေဆောင်ရွက်တဲ့အခါမှာ Focal Ministry ဖြစ်တာနဲ့အညီ ကျွန်တော်တို့နဲ့ ဆက်စပ်ပြီးတော့မှ ဦးခွန်လိမ်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရတို့နဲ့ ညှိနှိုင်းပြီးတော့မှ ပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းတွေကို

ကျွန်တော် ဒါကို တင်ပြသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရကနေပြီးမှ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လက်တွန်းထွန်စက်ဝယ်ယူခြင်း၊ လမ်းတံတား၊ သောက်သုံးရေ၊ လျှပ်စစ်၊ ယဉ်ကျေးမှု၊ ပြန်ကြားရေးနှင့်ဆက်ဆံရေးလုပ်ငန်း၊ မီးသတ် ရေလှောင်ကန်၊ အားကစားနှင့် ကာယပညာ နောက်အရေးပေါ်အတွက် ထောက်ပံ့ငွေ အရန်တို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေကျပ်သန်း ၁၀၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လူမှုဖွံ့ဖြိုးရေး ထောက်ပံ့ရန်ပုံငွေ ကျပ်သန်း ၂၀၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လွှတ်တော်ကိုယ်စားလှယ်များမှအသုံးပြုရန် မြို့နယ်တစ်မြို့နယ်မှ ငွေကျပ်သန်း ၁၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေကျပ်သန်း ၁၀၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေကျပ်သန်း ၅၀၀၀ ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်ပြီးတော့မှ ပြည်သူလူထုရဲ့တင်ပြချက်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ နောက် လွှတ်တော်ကိုယ်စားလှယ်များမှ စိစစ်ရွေးချယ်ပြီးတော့မှ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးစွာရှင်းလင်းတင်ပြပါတယ်။

ဒီမှာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ပဉ္စမကာလတို ငါးနှစ် အမျိုးသားစီမံကိန်းရေးဆွဲပြီးတော့မှ ချင်းပြည်နယ်အတွင်းမှာ ၂၀၁၁-၂၀၁၂ မှာလည်းပဲ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအနေနဲ့ လမ်းတံတား၊ သာသနာရေးလုပ်ငန်းတွေမှာ သုံးစွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်း လမ်းတံတားလုပ်ငန်းအတွက် ငွေကျပ် ၅၀၈၁.၅ သန်း၊ ရေရရှိရေးလုပ်ငန်းအတွက် ငွေကျပ် ၄၄၄ သန်း၊ မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ် ၅၀ သန်း၊ စွမ်းအင်လုပ်ငန်းအတွက် ငွေကျပ် ၂၉၄.၁၇၅ သန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း အတွက် ငွေကျပ် နှစ်သန်း၊ သာသနာရေးဆိုင်ရာလုပ်ငန်းများအတွက် ၃၂၅ သန်း စုစုပေါင်းငွေကျပ် ၆၂၄၀.၆၇၅ သန်းကိုခွင့်ပြုခဲ့ပြီး လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ သုံးနှစ်တာကာလအတွင်းမှာ ငွေကျပ်သန်းပေါင်း ၆၂၆၈.၃၉ သန်းသုံးစွဲခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ငွေကျပ် ၂၁၁၂.၁၆ သန်း လျာထားခွင့်ပြုပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ဖြေကြားအပ်ပါတယ်။

**မူကြမ်း**

နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်မှာ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းမှာ မြို့နယ် ၁၃ မြို့နယ်မှာ လယ်မြေ ၅၈၃ ဧကကို တိုးချဲ့ဖော်ထုတ်ခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP) ကို လေ့ကျင့်ပညာပေးခြင်းနှင့် စံနမူနာပြစိုက်ခင်းများ ထူထောင်စိုက်ပျိုးပြသခြင်း၊ ပညာပေးဆွေးနွေးခြင်းလုပ်ငန်းများကို ၃၂၃ ကြိမ် ဆောင်ရွက်ခဲ့ပြီးတော့မှ ပုလဲသွယ်စပ်မျိုးစပါး၊ ရွှေရင်အေး၊ ဘာစမာတီ၊ မနောသုခနှင့် နံ့သာမွှေးစပါးမျိုးများကို ၁၆၁၃၄ ဧက မျိုးပြောင်းလဲရေး ဆောင်ရွက်နိုင်ခဲ့ပြီးတော့မှ လယ်ကြားမြောင်းများတူးဖော်ရန်နှင့် ရေလွှဲဆည် တည်ဆောက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ လူမှုဖွံ့ဖြိုးရေးထောက်ပံ့ငွေကျပ်သန်း ၁၀၀၀ ချမှတ်ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြို့နယ် ရှစ်မြို့နယ်ရှိတဲ့ ကျေးရွာ ၁၅၃ ရွာကို စိုက်ပျိုးစရိတ်အရင်းအနှီးများကို ကူညီထုတ်ချေးခြင်း၊ တောင်ယာစပါးကိုလည်း မြို့နယ် ၁၂ မြို့နယ်မှာ ကွက်မြီးတန်းစနစ် သုတေသနပြုစိုက်ခင်းများကို စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ ဒါ့အပြင် ပြင်သစ်နိုင်ငံအခြေစိုက်တဲ့ (GRET) အဖွဲ့မှလည်း ချင်းပြည်နယ်မြောက်ပိုင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အသေးစားချေးငွေလုပ်ငန်းအစီအစဉ်တို့ကို ဖလမ်းမြို့နယ်၊ ဟားခါးမြို့နယ်၊ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့် ထန်တလန်မြို့နယ်တို့မှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်ကနေ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ငါးနှစ်စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ချင်းပြည်နယ်မှာ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း သစ်တောပြုစုထိန်းသိမ်းခြင်း၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်းလုပ်ငန်းများနဲ့ပတ်သက်ပြီးတော့မှ ဆက်လက်ပြီး ဆောင်ရွက်ဆဲဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ခြင်းလုပ်ငန်းမှာ စိုက်ခင်း ၈၉၅၀ ဧကကို မီးကာကွယ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းလုပ်ငန်းမှာ သဘာဝနယ်မြေဖွဲ့စည်းခြင်း၊ နယ်နိမိတ်ဘုတ်တိုင်စိုက်ထူခြင်း၊ အပင်သုတေသနပြုလုပ်ခြင်း၊ ရှားပါးတိရစ္ဆာန်စာရင်းကောက်ယူခြင်း၊ ကင်းလှည့်ထိန်းသိမ်းခြင်း၊ ပရဆေးပင်၊ သစ်ခွစုဆောင်းခြင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက်ဆောင်ရွက်ခြင်းဆိုတဲ့ ကာဗွန်စုပ်ယူသိုလှောင်နိုင်မယ့် သစ်တောစိုက်ခင်းများကို ၃၅၈၀ ဧကစိုက်ပျိုးတည်ထောင်ပေးခဲ့ပါတယ်။ အဲဒီလုပ်ငန်းတွေကို လ ၃၀ စီမံချက်နဲ့ Action Plan ချမှတ်ပြီးတော့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြုကော်မတီဟာ သစ်တောလုပ်ငန်း

ကော်မတီ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီးတော့မှ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးရေး Inclusive and Sustainable Development ရရှိစေရန် ပြည်သူလူထုဗဟိုပြု ချဉ်းကပ်မှုဖြင့် ဟန်ချက်ညီကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟာ သဘာဝပတ်ဝန်းကျင်အထောက်အကူပြုကော်မတီရဲ့ လုပ်ငန်းတာဝန်များအပြင် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းပြီးတော့မှ ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးကဏ္ဍအသီးသီးမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ငွေကျပ်သိန်းပေါင်း ၆၃၅၉.၀၅ သိန်းနှင့် ပိုးစာပင်စိုက်ပျိုးရေးအတွက် ပိုးစာပင် ၄ သိန်း၊ ဓာတ်မြေဩဇာ ၆၀ တန်နှင့် စိုက်ပျိုးရေးသုံး ပလပ်စတစ်များ ၁.၈ တန် တန်ဖိုး ၆၉၄၆၀ အမေရိကန်ဒေါ်လာဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်သန်ပြီးတော့မှ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများမှာ မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ မွေးမြူရေးသင်တန်းဟောပြောပွဲများဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန်ကျေးရွာများမှ ကျေးလက်လူငယ်အဖွဲ့များဖွဲ့စည်းပေးခြင်း၊ ဘဏ်ချေးငွေစနစ်ဖြင့် မွေးမြူရေးတိရစ္ဆာန်များဖြန့်ဖြူးပေးခြင်းများကို ၂၀၁၄ ခုနှစ်၊ မေလအထိ လုပ်ဆောင်ခဲ့တဲ့နေရာမှာ နွားနောက်မွေးမြူရေးအစုအဖွဲ့ ခုနစ်ဖွဲ့၊ ကျွဲ၊ နွားမွေးမြူရေးအစုအဖွဲ့ ၁၀ ဖွဲ့၊ ဝက်မွေးမြူရေးအစုအဖွဲ့ ၄၃ ဖွဲ့၊ ဆိတ်မွေးမြူရေးအစုအဖွဲ့ ၁၇ ဖွဲ့၊ ကြက်မွေးမြူရေးအစုအဖွဲ့ လေးဖွဲ့၊ ရပ်ကွက်/ကျေးရွာ ၇၇ ခုမှာ မွေးမြူရေးပညာပေးဟောပြောပွဲ ၇၇ ကြိမ်ကျင်းပခဲ့ပြီးတော့မှ မွေးမြူသူ ၂၃၀၇ ဦးကို ပညာပေးဟောပြောခဲ့ပြီး မေထုန်မဲ့သားစပ်သင်တန်း၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးသင်တန်း၊ အာဟာရဗေဒသင်တန်း၊ ကျေးလက်လူငယ်သင်တန်းများ ဖွင့်လှစ်ပြီးတော့မှ သင်တန်းသားများကိုပို့ချနိုင်ခဲ့ပြီး မြို့နယ် ခုနစ်မြို့နယ်မှာလည်း ကျေးလက်လူငယ်များဖွဲ့စည်းပေးခဲ့ပါတယ်။ ဒါ့အပြင် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နို့စားနွား၊ ဝက်၊ ဆိတ်၊ ကြက်၊ မြည်း/သိုး စုစုပေါင်းတန်ဖိုး ၉၆၉ သိန်းဖိုးတို့ကို ဘဏ်ချေးငွေစနစ်နဲ့ ဖြန့်ဖြူးပေးပြီးတော့မှ ဆက်လက်ပြီးတော့လည်း မွေးမြူသူတောင်သူဒေသခံ

များနှင့် ပြည်နယ်အစိုးရရဲ့ လိုအပ်ချက်ရှိလို့ရှိရင် ဆိတ်၊ ဘဲ၊ ကြက်၊ ဝက်များ ဆက်လက်ဖြန့်ဖြူးပေးရန် အစီအမံတွေရေးဆွဲထားပြီးဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်းများကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစပြီး ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်းမှာ ဆင်းရဲမှုလျှော့ချရေးအထောက်အကူပြုဖို့အတွက် ငါးမွေးမြူသူများထံသို့ ငါးသားဖောက်ဖြန့်ဖြူးနိုင်ရေးအတွက် ငါးသားဖောက်စခန်းကို ဟားခါးခရိုင် ရန်ထလိုငါးသားဖောက်စခန်း၊ မင်းတပ်ခရိုင်မှာ ချီချောင်းငါးသားဖောက်စခန်း၊ ဖလမ်းခရိုင်မှာ (၉) မိုင် ငါးသားဖောက်စခန်းတို့ တည်ဆောက်လျက်ရှိပါတယ်။ ဖလမ်းခရိုင်နှင့် မင်းတပ်ခရိုင်အတွင်းရှိတဲ့ ငါးမွေးတောင်သူများကို ငါးသားဖောက်များ ဖြန့်ဖြူးပေးခြင်း၊ ကျေးရွာ/ရပ်ကွက်များသို့ ကွင်းဆင်း၍ ငါးဆေးထိုး သားဖောက်ပြုလုပ်ပေးခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ နည်းပညာဗဟုသုတများဖြန့်ဝေပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ပြီးတော့မှ မြစိမ်းရောင်စီမံကိန်း ဆရာဖြစ်သင်တန်းများကိုလည်း ကျေးလက်တွေမှာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငါးလုပ်ငန်းဆိုင်ရာဗဟုသုတ၊ ငါးမွေးမြူခြင်းဆိုင်ရာဗဟုသုတနှင့် ငါးလုပ်ငန်း အခွန်ဆိုင်ရာများကိုလည်း ပို့ချသင်တန်းပေးခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရန်ပုံငွေခွင့်ပြုချက်နဲ့လည်း ချင်းပြည်နယ်အတွင်းမှာ ကတ္တရာလမ်း၊ မြေသားလမ်း၊ သစ်သားတံတား၊ ရေပြွန်၊ ရေပေးရေးလုပ်ငန်း၊ ဆိုလာမီးလင်းရေးလုပ်ငန်းကို ကျေးရွာ ၁၆ ရွာမှာလည်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေနဲ့လည်း ကျွန်တော်တို့ ဒါတွေကို ဆက်ပြီးတော့မှ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်ဒေသနေပြည်သူများ လူထုအခြေပြုစနစ်ကို အသုံးပြီးတော့မှ အခြေခံအဆောက်အအုံများနှင့် အခြေခံဝန်ဆောင်မှုများရယူသုံးစွဲနိုင်ဖို့အတွက် ကမ္ဘာ့ဘဏ်ရဲ့ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ နဲ့ လူထုဗဟိုပြုစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ် စက်တင်ဘာလကစပြီးတော့မှ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကန်ပက်လက်မြို့နယ်ကို စီမံကိန်းဇရိယာအဖြစ်ရွေးချယ်ပြီး အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို သုံးနှစ်ဆက်တိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖွဲ့စည်းဆောင်ရွက်ခဲ့တဲ့ ဘဏ္ဍာရေးနှစ် ၂ နှစ်တာကာလအတွင်းမှာ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်

ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ခွင့်ပြုရန်ပုံငွေကနေပြီးတော့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ လမ်း၊ တံတားနှင့်ပတ်သက်ပြီး ကတ္တရာလမ်း ၁၃ မိုင် ၆ ဖာလုံ၊ ကျောက်ချောလမ်း ၃၀ မိုင်၊ မြေသားလမ်း ၃၆၄ မိုင် ၂ ဖာလုံ၊ သစ်သားတံတား ၁၃၇၃ ပေ၊ ရေပွန် ၁၀၅၀ ပေ၊ ရေပေးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး မြို့ရေပေးရေးလုပ်ငန်း နှစ်ခု၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၈၁ ခု၊ မီးလင်းရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ကျေးရွာ ၂၅ ရွာရှိ အိမ်ခြေ ၁၂၅၁ အိမ်၊ စံပြအိမ်ရာနှင့်ပတ်သက်ပြီး ကျေးရွာ ၁၃၇ ရွာမှာရှိတဲ့ အိမ်လုံးရေ ၂၆၈ လုံးတို့ကို ငွေကျပ်သန်းပေါင်း ၇၇၇၇.၁၄ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်းပဲ ကတ္တရာလမ်း ၉ မိုင်၊ ကျောက်ချောလမ်း ၂၄ မိုင်၊ မြေသားလမ်း ၂၆၈ မိုင် ၂ ဖာလုံ၊ သစ်သားတံတား ၈၄၀ ပေ၊ ရေပွန် ၅၀၀ ပေတို့ကို ငွေကျပ် ၆၂၅၈.၆၁၇ သန်း၊ ရေပေးရေးလုပ်ငန်း ၆၅ ခုကို ငွေကျပ် ၁၁၆.၆ သန်း၊ ကျေးရွာ ၂၇ ရွာမှာရှိတဲ့ အိမ်ခြေ ၃၇၀၆ အိမ် ဆိုလာစနစ်မီးလင်းရေးလုပ်ငန်းများကို ငွေကျပ် ၇၄၁.၂ သန်း၊ ကျေးရွာပေါင်း သုံးရွာမှာ ကျေးလက်အိမ်ရာ ၁၉ လုံးတို့ကို ငွေကျပ် ၅၇ သန်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူများရဲ့ ဆင်းရဲမှုလျှော့ချရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မယ့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မတူပီ၊ မင်းတပ်၊ ပလက်ဝ၊ ဟားခါး၊ တွန်းဇံ၊ ဖလမ်းမြို့နယ် ခြောက်မြို့နယ်မှာရှိတဲ့ ကျေးရွာ ၂၄ ရွာမှာ တစ်ရွာမှာ ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၇၂၀၀ ကို ၂၀၁၄ ခုနှစ်၊ မေလ တတိယအပတ်အတွင်း ပြည်နယ်အစိုးရသို့ လွှဲပြောင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီရန်ပုံငွေကို ကျေးရွာမြစိမ်းရောင် ကြီးကြပ်မှုကော်မတီရဲ့ စီမံခန့်ခွဲမှုဖြင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်ဖြစ်ပြီး ကျေးရွာများမှာ ဖွဲ့စည်းထားတဲ့ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ကျေးရွာသူကျေးရွာသားများကို အဆိုပြုတင်ပြလာတဲ့ လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေထုတ်ချေးမယ့်ပမာဏ၊ အတိုးနှုန်း၊ ချေးငွေ/အတိုး၊ ပြန်လည်ပေးဆပ်ရမည့် ကာလတို့ကိုသတ်မှတ်ပြီးတော့မှ ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ

တာဝန်ရှိပုဂ္ဂိုလ်များကို သင်တန်းပေးခြင်း၊ ကျေးရွာသူကျေးရွာသားများအား စီမံကိန်းရဲ့သဘော သဘာဝနှင့်ပတ်သက်ပြီး သိရှိအောင် ရှင်းလင်းဆွေးနွေးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ချင်းပြည်နယ်အစိုးရ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ ပြည်နယ် အတွင်းမှာရှိတဲ့ ကျေးလက်ဒေသများ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့် အချိုးညီညီဖွံ့ဖြိုးတိုးတက် ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောပညာရပ်ဆိုင်ရာလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အခြေခံလုပ်ငန်းများဖြစ်တဲ့ လမ်းတံတားများတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ကျေးလက်စံပြအိမ်ရာများ၊ မီးလင်းရေးလုပ်ငန်းများနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်အစိုးရရန်ပုံငွေနှင့် နိုင်ငံခြားအကူအညီအထောက်အပံ့များဖြင့် ချင်းပြည်နယ် ဆင်းရဲနွမ်းပါး မှုလျှော့ချနိုင်ရေး ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွှေးလွင်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ကပဲ ဆက်ပြီးတော့မှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါ်ခင်မွှေးလွင်က အခုလို ဆင်းရဲမှုလျှော့ချရေးနှင့်ပတ်သက်ပြီး စိတ်ပါဝင်စားစွာ မေးမြန်းလာတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများဟာ ခုနက ဥက္ကဋ္ဌကြီးအမိန့်ရှိတဲ့အတိုင်းပဲ ကဏ္ဍများစွာပါဝင်ပြီးတော့မှ အပြန်အလှန်ဆက်စပ်နေတဲ့အတွက် ကျွန်တော်တို့လည်း ဝန်ကြီးဌာန တွေအားလုံး ပေါင်းစပ်ပြီးတော့မှ ခုနက ကျွန်တော်တင်ပြတဲ့ Focal Ministry အနေနဲ့ ဒါကိုစုစည်းပြီး ဖြေကြားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ ဆက်စပ်နေတဲ့အတွက်ကြောင့်မို့လို့ အကောင်အထည်ဖော် တဲ့အခါမှာ ရှုထောင့်ပေါင်းစုံ Multi Dimensional Aspect ကနေပြီးတော့မှ ရှုမြင်ပြီးတော့မှ ကျွန်တော်တို့ သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး(All Inclusive Stakeholder Participation) ရည်မှန်းပြီးတော့မှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဖြစ်တဲ့ Sustainable Development

ကိုရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုတစ်ဝှမ်းမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချ၊ လျှော့နည်းပပျောက်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးနဲ့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ဒေါ်ခင်မွေးလွင်ဆွေးနွေးသွားသလို နိုင်ငံတော်သမ္မတကြီးဦးဆောင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဗဟိုကော်မတီ၊ ဒုတိယသမ္မတ(၂)ဦးဆောင်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ၊ ဝန်ကြီးချုပ်များဦးဆောင်တဲ့ တိုင်းဒေသကြီး/ပြည်နယ် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၀ ခုနှစ်၊ မေလ ၂၀ ရက်ကနေပြီးတော့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကနေ ချမှတ်ပေးခဲ့တဲ့ လုပ်ငန်းစဉ်(၈)ရပ်ကိုလည်း ပြည်ထောင်စုဝန်ကြီးများဦးဆောင်တဲ့ အထောက်အကူပြု ကော်မတီများဖွဲ့စည်းပေးပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များပါဝင်ဆောင်ရွက်နေတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ INGOs၊ NGOs များ၊ CSO၊ CBO များ၊ အလှူရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖြစ်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများ၊ INGOs၊ NGOs များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် အကြိမ်ကြိမ်ဆွေးနွေးပွဲများပြုလုပ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ကို ပြုစုရေးဆွဲပြီးတော့မှ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားအဆင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲမှာ အတည်ပြု ချမှတ်နိုင်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ မင်းကင်းမြို့နယ်မှာ လူဦးရေ ကျား ၅၁၃၂၄ ဦး၊ မ ၅၃၂၃၂ ဦး စုစုပေါင်း ၁၀၄၅၅၆ ဦးရှိပါတယ်။ အဲ့ဒီအထဲမှာ အသက် ၁၈ နှစ်အထက် လူဦးရေဟာ ၆၄၉၇၆ ဦးရှိပြီးတော့မှ အလုပ်လက်မဲ့ဦးရေဟာ ၂၇၀၉ ဦးခန့်ရှိတဲ့အနက်မှာ တက္ကသိုလ်/ကောလိပ်တွေမှာ ပညာသင်ကြားနေတဲ့ကျောင်းသားကျောင်းသူဦးရေနှင့် ဘွဲ့ရလူငယ် အသက် ၁၈ နှစ်က ၂၃ နှစ်အတွင်းမှာ ၁၁၀၀ ကျော်ခန့်၊ အိမ်ထောင်ရှင်၊ မှီခိုသူများနှင့်ကျန်းမာရေးအရ အလုပ်မလုပ်နိုင်တဲ့ဦးရေက ၁၃၀၀ ခန့်နှင့် တခြားအလုပ်လက်မဲ့ဦးရေ ၃၀၉ ဦးခန့်ရှိပြီး အလုပ်လက်မဲ့ဦးရေအချိုးဟာ ၂၃း၁ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပညာရေးကဏ္ဍအနေနဲ့ ဘွဲ့ရလူငယ်များကို နေ့စားလပေးဆရာ/ဆရာမအဖြစ်

မနှစ်က ၁၂၉ ဦးခန့်ထားပေးနိုင်ခဲ့ပြီး ဒီနှစ်အတွင်းမှာ ဘွဲ့ရလူငယ် ၄၅၆ ဦး ဖြေဆိုထားရှိပြီးဖြစ်ပါတယ်။ မြို့နယ်မှာရှိတဲ့ အခြားဌာနဆိုင်ရာရုံးများတွင်လည်း သတ်မှတ်ဖွဲ့စည်းပုံနှင့်အညီ ဝန်ကြီးဌာနအလိုက် ညွှန်ကြားချက်များရှိပါက အဆင့်ဆင့်သော အမှုထမ်း၊ အရာထမ်းဝန်ထမ်းများ ခန့်ထားပေးနိုင်ရေး ဘွဲ့ရ၊ အထက်တန်းအောင်လူငယ်များကို အလုပ်အကိုင်ရရှိရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုအမှန်လျှော့ချဖို့ရန်အတွက် ဒေသနှင့်ကိုက်ညီဆီလျော်တဲ့ နည်းလမ်းအဖြစ် ပထမအဆင့်အနေဖြင့် မြေယာပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ထောက်ပံ့မှုဖြင့် တောင်သူများရဲ့ သဘောထားဆန္ဒကို ရယူပြီး အဆင့်မြင့်လယ်ယာများ တိုးချဲ့ဖော်ထုတ်ပေးလျက်ရှိပါတယ်။

ဒုတိယအဆင့်အနေနဲ့ သိပ္ပံနည်းကျစိုက်နည်းစနစ်များ ကျင့်သုံးပြီးတော့ အထွက်နှုန်းတိုးတက်ရေး အရည်အသွေးမြင့်ဆန်စပါးများ ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်ရေးဆောင်ရွက်ခြင်းဖြင့် လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါတယ်။ တတိယနည်းကတော့ မျိုးပြောင်းလဲသုံးစွဲရမှာဖြစ်ပါတယ်။ စပါးသီးနှံမှအစ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဝါသီးနှံများ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရမည်ဖြစ်ပါတယ်။ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း ရာသီမီစိုက်ပျိုးနိုင်ခြင်း၊ သီးထပ်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ကုန်ကျစရိတ်နည်းနည်းနဲ့ အထွက်နှုန်းပိုမိုလာပြီး ဆင်းရဲမှုလျှော့ချနိုင်မှာဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းများအပြင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်မှာ ကျေးလက်နေပြည်သူများ နေ့စဉ်ဝင်ငွေတိုးတက်ရရှိရေးနှင့် တစ်ပိုင်တစ်နိုင်ကဏ္ဍမှ စီးပွားဖြစ်မွေးမြူရေးအဆင့်ထိ တိုးတက်လာစေရေးအတွက် မွေးမြူရေးအထောက်အကူပြုသင်တန်းများပို့ချခြင်း၊ မွေး/ရေကျေးလက်လူငယ်သင်တန်းများနှင့် မေထုန်မဲ့သားစပ်သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့အပြင် ငွေကြေးကဏ္ဍ အရင်းအနှီးတိုးတက်ရရှိစေရန်အတွက် ဖေယျာပဒေသာချေးငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမဦးစီးဌာန၊ ပုဂ္ဂလိကအသေးစား ငွေစုငွေချေးလုပ်ငန်းများမှ အတိုးနှုန်းသက်သာသော ချေးငွေများ ရရှိစေရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ မေးမြန်းချက်နှင့်စပ်လျဉ်းပြီးတော့မှ ပြည်ထောင်စုဝန်ကြီးဌာနများ ဆောင်ရွက်ချက်များနှင့် သမဝါယမဝန်ကြီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနများအနေနဲ့ ဆောင်ရွက်ချက်များကို အကျဉ်းချုပ်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမဝန်ကြီးဌာနဟာ နိုင်ငံတော်က ချမှတ်

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ပါ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက် (၂) ရပ်နှင့် လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို တစ်နိုင်ငံလုံးမှာရှိတဲ့ကျေးရွာအားလုံး လွှမ်းခြုံမိအောင် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို အတိုးနှုန်းသက်သာပြီး ပြည်သူများအတွက် လတ်တလော သက်သာချောင်ချိမှု ရရှိစေရေးသာမက နောင် ၄၊ ၅ နှစ်အတွင်းမှာ ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာ ရပ်တည်လာနိုင်အောင်(self reliance ဖြစ်အောင်)နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင်(Substainable Development ဖြစ်အောင်)အထိပါ မျှော်မှန်းပြီးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက် (၂) ရပ်၊ လုပ်ငန်းစဉ် (၅) ရပ်ဘောင်အတွင်းကနေပြီးတော့မှ ၂၀၁၄ ခုနှစ် အကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီးတော့မှ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို သမဝါယမလုပ်ငန်းများရဲ့ အခြေခံအဖြစ်ဆက်လက်တိုးမြှင့်ဆောင်ရွက်ခြင်း၊ ထုတ်ကုန်ဝန်ဆောင်မှု၊ ကုန်သွယ်မှုလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ပြီး အသင်းသားများ အကျိုးရှိစေမယ့်အသင်းများဖြစ်အောင် အဆင့်မြှင့်တင်သွားခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံ EXIM Band ကနေ ချေးငွေဒေါ်လာ သန်း ၁၀၀ အား စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသားများကို စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်း၊ မွေးမြူရေးသမဝါယမအသင်းများ၊ လက်လုပ်လက်စားငွေစုငွေချေးသမဝါယမအသင်းများကို အသင်းသားများရဲ့ဆန္ဒနှင့်အညီဖွဲ့စည်း၍ အသေးစားရင်းနှီးငွေများ ထုတ်ချေးပေးခြင်းအပြင် သမဝါယမအသင်းသားလယ်သမားများ လိုအပ်တဲ့ ဒေသနှင့်ကိုက်ညီတဲ့ လယ်ယာသုံးစက်ကိရိယာများနှင့် အခြားသမဝါယမအသင်းသားများ လိုအပ်တဲ့ အပ်ချုပ်စက်၊ အနှေးယာဉ်(ဆိုက္ကား)၊ မော်တော်ယာဉ်စသည့် လုပ်ငန်းသုံးပစ္စည်းများကို သမဝါယမဘဏ်၊ ဗဟိုသမဝါယမအသင်းနှင့် သမဝါယမအသင်းများ ပေါင်းစပ်ညှိနှိုင်းပြီး အရစ်ကျစနစ်ဖြင့်ရောင်းချပေးခြင်း၊ လျှပ်စစ်မီးမရရှိသေးသည့်ကျေးရွာများတွင် လျှပ်စစ်မီးရအောင်၊ စိုက်ပျိုးရေလိုအပ်သည့်ကျေးရွာများမှာ စိုက်ပျိုးရေရရှိအောင်၊ အရစ်ကျငွေချေစနစ်ဖြင့် ငွေကြေးများပံ့ပိုးဆောင်ရွက်ပေးခြင်း၊ တိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများ၏လုပ်ငန်းများကို ဒေသနှင့်လိုက်လျောညီထွေပြီး ဖွံ့ဖြိုးတိုးတက်အောင်အဆင့်မြှင့်တင်ပေးခြင်း၊ ဒေသနှင့်လိုက်လျောညီထွေသည့် သမဝါယမအသင်းအမျိုးအစားများ တိုးချဲ့ဖွဲ့စည်းပေးပြီး စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းတို့ဖြင့် ဒေသအတွင်းမှာရှိတဲ့ သမဝါယမအသင်းသားများ၏

အလုပ်အကိုင်အခွင့်အလမ်းများ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဖန်တီးပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် ၈ ရပ်မှာပါဝင်တဲ့ လယ်ယာကုန်ထုတ်လုပ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါတော့။ နိဂုံးချုပ်ပြီးတော့ မေးတဲ့မေးခွန်းက ဖော်ထုတ်ကုစားနိုင်မည့် နည်းလမ်းရှိ/မရှိ။ ရှိတယ်ပေါ့။

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့လည်း သူတို့ လုပ်ငန်းကော်မတီ (၈) ခုကနေပြီးတော့မှ ဒေသဖွံ့ဖြိုးရေးနှင့် သစ်တောထိန်းသိမ်းရေး (Myanmar Selection System)ဖြင့် စီမံအုပ်ချုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သစ်တောနှင့် ဆက်စပ်ပြီးတော့မှ လမ်းတံတားတွေလည်း ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့တာတွေလည်းရှိပါတယ်။ အလားတူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ခုနက ချင်းပြည်နယ်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းမှာဖြေကြားခဲ့သလို Pilot Project အနေနဲ့ ကျွန်တော်တို့ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခု၊ နေပြည်တော်ကောင်စီနယ်မြေ၊ နောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုနှင့် ခရိုင် ၄၇ ခုမှာရှိတဲ့ ကျေးရွာ ၁၁၅၀ မှာ နိုင်ငံတော်ဘတ်ဂျက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နောက် ပြည်သူဗဟိုပြုတဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိရာမှာ ကမ္ဘာ့ဘဏ်အထောက်အပံ့နဲ့ အမေရိကန်ဒေါ်လာ သန်း ၈၀ ဖြင့် လူထုအခြေပြုဖွံ့ဖြိုးရေး စီမံကိန်း(National Community Driven Development Project- CDD Project)ကို မြို့နယ် ၁၅ မြို့နယ်မှာဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ဘဏ္ဍာရေးနှစ်အလိုက် ရရှိ တဲ့ ဘတ်ဂျက်ငွေကိုလည်း ထိရောက်စွာနှင့်အကျိုးရှိရှိ သက်ဆိုင်ရာဒေသအဖွဲ့အစည်းများနှင့်ညှိနှိုင်း ပြီး ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသနှင့်ကိုက်ညီဆီလျော်တဲ့နည်းလမ်းဖြင့် ဆောင်ရွက် နေတဲ့စီမံကိန်းများဖြစ်တဲ့ လူထုအခြေပြုဖွံ့ဖြိုးရေးအမျိုးသားစီမံကိန်းနှင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်း များကို ဘဏ္ဍာရေးအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေး စီစဉ်ဆောင်ရွက်ပြီးတော့မှ တိုးချဲ့

ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ တစ်ပိုင်တစ်နိုင်လုပ်ငန်းများဆောင်ရွက်ပြီးတော့မှ အာဟာရပြည့်ဝပြီး အပိုဝင်ငွေရရှိစေရေးနှင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေပြီး ဆင်းရဲမှုနှုန်းထား အလျင်အမြန်လျော့ကျသွားစေရေး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ NGOs၊ INGOs များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲမှုလျော့ကျရေးလုပ်ငန်းစဉ်များသည် အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှစ်ခုအတွက် အချိန်မိနစ် ၄၀ ကြာပါတယ်။ မေးတဲ့နေရာမှာလည်း ထင်တာထက်ပိုပြီးကြာကြပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်အချိန်နဲ့ အခြားလွှတ်တော်ကိုယ်စားလှယ်များရဲ့အခွင့်အရေး မထိပါးစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့သူများ အမေးအဖြေကို စနစ်တကျဆောင်ရွက်သွားဖို့ ထပ်မံတိုက်တွန်းချင်ပါတယ်။

**ဦးယော်ဒီဗွေ့၊ ပူတာအိုမဲဆန္ဒနယ်က မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းကို အဆင့်မြှင့်တင်ရာတွင် လမ်းပိုင်းတစ်ခုသာမက ခံနိုင်ရည်မရှိသော တံတားများကို သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အဆင့်မြှင့်တင်ပေးရေးနှင့် ထိုသို့လမ်း၊ တံတားအဆင့်မြှင့်တင် ဆောက်လုပ်ခြင်းကို ပုဂ္ဂလိကကုမ္ပဏီများအား ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခွင့်ပေးပြီး ယင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ ဆောက်လုပ်မှု ရှိ/မရှိ ပြည်သူ့ဆောက်လုပ်ရေးမှ လုပ်ငန်းအားစနစ်တကျ ကြပ်မတ်စစ်ဆေးဆောင်ရွက်စေရေး အစိုးရသို့တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ဦးယော်ဒီဗွေ့၊ ပူတာအိုမဲဆန္ဒနယ်က အဆိုတစ်ခုတင်သွင်းထားပါတယ်။ ဒီအဆိုကို ဦးယော်ဒီဗွေ့၊ ပူတာအိုမဲဆန္ဒနယ်က တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုတစ်ခုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အဆိုမှာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းကို အဆင့်မြှင့်တင်ရာတွင် လမ်းပိုင်းတစ်ခုသာမက ခံနိုင်ရည်မရှိသော တံတားများကို သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အဆင့်မြှင့်တင်ပေးရေးနဲ့ ထိုသို့ လမ်း၊ တံတားအဆင့်မြှင့်တင် ဆောက်လုပ်ခြင်းကို ပုဂ္ဂလိကကုမ္ပဏီများအား ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခွင့်ပေးပြီး ယင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ ဆောက်လုပ်မှုရှိ/မရှိ ပြည်သူ့ဆောက်လုပ်ရေးမှ လုပ်ငန်းအား စနစ်တကျ ကြပ်မတ်စစ်ဆေးဆောင်ရွက်စေရေး အစိုးရသို့ တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပြည်ထောင်စုလမ်းမကြီးသည် ကော့သောင်းမြို့မှ ပူတာအိုမြို့ထိ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းဖြစ်ပြီး မိုင်ပေါင်း ၁၈၄၅ မိုင်ရှိကြောင်း ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စာရင်းအရ သိရှိရပါတယ်။ ပြည်ထောင်စုလမ်းမကြီးသည် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ကို အဓိကဖြတ်သန်းဖောက်လုပ်ထားကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုလမ်းမကြီးရဲ့ လမ်းပိုင်းများအကွာအဝေးမှာ ကော့သောင်းမှ ရန်ကုန်အထိ ၈၂၄ မိုင်၊ ရန်ကုန်မှ မန္တလေးအထိ ၄၃၅ မိုင်၊ မန္တလေးမှ မြစ်ကြီးနားအထိ ၃၅၀ မိုင်၊ မြစ်ကြီးနားမှ ပူတာအိုအထိ ၂၁၈ မိုင်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ယခုအခါ ပြည်ထောင်စုလမ်းမကြီးသည် ကချင်ပြည်နယ်ကလွဲပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခေတ်နှင့်လျော်ညီစွာ တိုးတက်ကောင်းမွန်နေပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ လမ်းနှင့် တံတားများ ကောင်းမွန်နေခြင်းကြောင့် မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြား ကုန်စည်စီးဆင်းမှုလွယ်ကူခြင်းနှင့် ခရီးသွားလာမှု လွယ်ကူမြန်ဆန်သည့် အကျိုးကျေးဇူးများ ခံစားနေရပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုလမ်းမကြီးသည် တောင်နှင့် မြောက်အရပ်ကိုသာ ဆက်သွယ်ထားခြင်းမကဘဲ အရှေ့နှင့် အနောက်အရပ်များကိုလည်း ဆက်သွယ်ထားခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသော သွေးချင်းညီအစ်ကိုများ တစ်နေရာနှင့်တစ်နေရာ အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ဆက်သွယ်နိုင်သော လမ်းမကြီး ဖြစ်ကြောင်း သုံးသပ်ရပါတယ်။

**မူကြမ်း**

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စု လမ်းမကြီးရဲ့ အစိတ်အပိုင်းဖြစ်သော ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှ ပူတာအိုမြို့အထိ ၂၁၈ မိုင်ရှိ သော လမ်းပိုင်း၏အခြေအနေကို ဦးစားပေးတင်ပြလိုပါတယ်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို မော်တော်ကားလမ်းကို ၁၉၄၂ ခုနှစ်ဝန်းကျင်တွင် အင်္ဂလိပ်အစိုးရလက်ထက်တွင် ဖောက်လုပ်ခဲ့ ကြောင်း လေ့လာသိရှိရပါတယ်။ ယခုအခါ လမ်းရဲ့သက်တမ်းမှာ နှစ်ပေါင်း ၇၀ ကျော်နီးပါး ရှိလာပြီ ဖြစ်ပါတယ်။ ထိုအချိန်အခါတွင် လမ်းနှင့် တံတားများ ကောင်းမွန်စွာဆောက်လုပ်ထားခြင်းကြောင့် မြစ်ကြီးနားမှ ပူတာအိုအထိ ဂျစ်ကားဖြင့် တစ်ရက်တည်းရောက်ရှိနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ တံတား အရှည်ပေ ၅၀ နဲ့ ၁၀၀ ကြား၊ ပေ ၁၀၀ နဲ့ ၁၈၀ ကြားရှိ တံတားများကို အရည်အသွေးကောင်းမွန် သော သံဘောင်ဖြင့် တည်ဆောက်ခဲ့သဖြင့် ယနေ့အထိသံဘောင်တံတားများ တည်ရှိနေကြောင်း တွေ့ ရှိရပါတယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက်လာပြီး နယ်မြေတည်ငြိမ် အေးချမ်းမှုမရှိခြင်းကြောင့် တံတားများဖျက်ဆီးခံရခြင်း၊ လမ်းများပြုပြင်ထိန်းသိမ်းမှုမလုပ်နိုင်ခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပြီး ခရီးသွားလာမှုနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုမပြုလုပ်နိုင်ခဲ့ သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ကြောင်း သိရှိရပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ လက်ထက်တွင် စက်ယန္တရားမပါဘဲ ပြည်သူလူထုလုပ်အားဖြင့် နှစ်စဉ်ပွင့်လင်းရာသီချိန်တွင် လမ်း ဘေးဝဲယာတောခုတ်ခြင်း၊ ပြိုကျနေသောမြေများ ရှင်းထုတ်ခြင်း၊ ပျက်စီးနေသောလမ်းနှင့် တံတားများ ပြုပြင်ခြင်းများပြုလုပ်ခဲ့သော်လည်း ရာသီမရွေးသွားလာနိုင်ခြင်းမရှိခဲ့ပါ။ ၂၀၀၈ ခုနှစ်ဝန်းကျင်တွင် တပ်မတော်အစိုးရလက်ထက် ငြိမ်းချမ်းရေးတည်ဆောက်ထားသည့်ကာလတွင် စက်ယန္တရား အင်အား သုံးပြီး လမ်းနှင့်တံတားများ တိုးတက်ကောင်းမွန်အောင် ဆောက်လုပ်ပေးခဲ့သော်လည်း မြေသားလမ်း အဆင့်သာဖြစ်သောကြောင့် မိုးတွင်းကာလတွင် မြေပြိုခြင်း၊ ရေတိုက်စားခြင်းဒဏ်ကြောင့် လမ်းများ ပျက်စီးပြီး နှစ်စဉ်ပြုပြင်နေရပါတယ်။ ၂၁၈ မိုင်သာရှိသောလမ်းကို ခေတ်အဆက်ဆက် ပြုပြင်လာ ခဲ့သော်လည်း ယနေ့ထက်ထိ နွေ၊ မိုး၊ ဆောင်းရာသီမရွေးသွားလာနိုင်ခြင်း မရှိသေးပါကြောင်း ဝမ်းနည်းစွာ တွေ့ရှိရပါတယ်။

ပူတာအိုခရိုင်၏ အဓိကဆက်သွယ်ရေးလမ်းကြောင်းမှာ လေယာဉ်လမ်းနှင့် မြစ်ကြီးနား-ပူတာအိုမော်တော်ကားလမ်းတို့ ဖြစ်ပါတယ်။ ဤမော်တော်ကားလမ်းသည် ပူတာအိုခရိုင်တစ်ခုလုံးတွင် နေထိုင်ကြသော ပြည်သူတစ်ရပ်လုံးနဲ့ နိုင်ငံ့ဝန်ထမ်းများ စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်း၊ ပညာရေး ဌာနသုံးပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးတဲ့ လမ်းဖြစ်သော

ကြောင့် အသက်တမျှအရေးပါသော လမ်းတစ်ခုဖြစ်ပါတယ်။ ဤလမ်းကို နွေ၊ မိုး၊ ဆောင်းရာသီမရွေး သွားလာနိုင်ရန် မည်သည့်အချိန်၊ မည်သည့်အစိုးရလက်ထက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားနိုင်မည်ကို ဒေသခံပြည်သူတစ်ရပ်လုံး နှစ်ပေါင်း ၆၀ ကျော်မျှော်လင့်စောင့်စား လာခဲ့ကြပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့သည် ပူတာအိုဒေသနေပြည်သူတစ်ရပ်လုံးအတွက် မင်္ဂလာအရှိဆုံးနေ့ဖြစ်ပြီး ပြည်သူ အားလုံး နှစ်ပေါင်း ၆၀ ကျော် မျှော်လင့်ခဲ့ရသည့် မင်္ဂလာသတင်းကောင်းစကားကို ပူတာအိုမြို့နယ်၊ ခါကာဘိုရာဇီခန်းမတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်သမ္မတကြီးနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်က ကချင်ပြည်နယ် နယ်စပ်ဖြစ်သော နန့်စီးအောင်မှ ပူတာအို အထိ မော်တော်ကားလမ်းကို ရာသီမရွေးသွားလာနိုင်ရန် အိန္ဒိယချေးငွေ အမေရိကန်ဒေါ်လာ သန်းတစ်ရာဖြင့် လမ်းနှင့် တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မိန့်ခွန်းပြောကြားခဲ့သဖြင့် ဒေသခံပြည်သူတစ်ရပ်လုံး ဝမ်းသာမဆုံးဖြစ်နေကြပြီး နိုင်ငံတော်အစိုးရအား ကျေးဇူးအထူးတင်ရှိနေပါကြောင်း ဖော်ပြအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာမီကာလတွင် မြစ်ကြီးနား-ပူတာအိုလမ်းမကြီးကို ငွေကြေးများစွာကုန်ကျခံပြီး လမ်းနှင့်တံတားများအဆင့်မြှင့်တင်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။ သို့သော် အဆင့်မြှင့်တင်ဆောက်လုပ်ရာတွင် လမ်းပိုင်းတစ်ခုကိုသာ မြှင့်တင်ခြင်း မဟုတ်ဘဲ တံတားများကိုလည်း အဆင့်မြှင့်တင်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။ လက်ရှိတံတားများ အခြေအနေမှာ ပေ ၅၀ အောက်သစ်သားတံတား ၅၄၁ စင်း၊ ပေ ၅၀ မှ ၁၀၀ ကြား သံဘောင်တံတား ၂၄ စင်း၊ ပေ ၁၀၀ နဲ့ ၁၈၀ ကြားသံဘောင်တံတား ၁၀ စင်း၊ ပေ ၁၈၀ အထက် ခုနှစ်စင်း စုစုပေါင်း ၅၈၂ စင်းရှိကြောင်း သိရှိရပါတယ်။ တံတားများ၏ ခံနိုင်ရည်ချို့တဲ့မှုကြောင့် လမ်းခရီးတွင် လွန်စွာအဟန့်အတား၊ အတားအဆီးများ ဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ဤတံတားများအားလုံး ခံနိုင်ရည်တစ်ပြေးညီရှိအောင် ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ မြစ်ကြီးနား-ပူတာအိုလမ်းပိုင်းကို အဆင့်မြှင့်တင်ရာတွင် လမ်းပိုင်းသာမက ခံနိုင်ရည်မရှိသောတံတားများကို သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ အဆင့်မြှင့်တင်ဆောက်လုပ်ပေးရေးနှင့် ထိုသို့လမ်း၊ တံတားအဆင့်မြှင့်တင်ဆောက်လုပ်ခြင်းကို ငွေကြေးတောင့်တင်း

ခိုင်မာပြီး အတွေ့အကြုံရှိသည့် ပညာရှင်များပါဝင်သော စိတ်ရင်းစေတနာကောင်းမွန်သည့် ပြည်တွင်း ပုဂ္ဂလိကကုမ္ပဏီများကို ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခွင့်ပေးပြီး ယင်းလုပ်ငန်းများ စံချိန်စံနှုန်း နှင့်အညီ ဆောက်လုပ်မှုရှိ/မရှိ ပြည်သူ့ဆောက်လုပ်ရေးမှ လုပ်ငန်းများအား စနစ်တကျ ကြပ်မတ် စစ်ဆေးဆောင်ရွက်စေရေး အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးယော်ဒီဒွေ့ တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဖုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအမှူးပြုသော ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့မှ တင်သွင်းထားသောအဆိုကို ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဖုံးတိန့်မှ ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများမှ ခရီးသွားလာရေးနဲ့ ကုန်စည်ပို့ဆောင်ရေး အတွက် လေကြောင်းလမ်းနဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကိုသာ အဓိကထား မှီခိုသွားလာ နေကြပါတယ်။ သို့သော် လေကြောင်းလမ်းသည် ခရီးသည်ပို့ဆောင်မှု အတိုင်းအတာကိုတောင်မှ မဆောင်ရွက်နိုင်ဘူး။ ဒါ့ကြောင့် မြစ်ကြီးနား-ပူတာအိုလမ်းသည် ပူတာအိုခရိုင်ရှိ မြို့နယ်ပေါင်းငါးခုရဲ့ ဝန်ထမ်းများနဲ့ ပြည်သူများရဲ့ ခရီးသွားလာရေးနဲ့ စားသုံးကုန်ပစ္စည်းများ ပို့ဆောင်ရေးအတွက် အဓိကအလွန်အရေးကြီးသော လမ်းတစ်ခု ဖြစ်ပါတယ်။ မြစ်ကြီးနား-ပူတာအိုခရိုင်ဆက်လမ်းကို ယခင် ပထမဦးစွာဖောက်လုပ်ကာလများတွင် နေ့ချင်းပေါက်သွားလာနိုင်သော လမ်းတစ်ခုလည်း ဖြစ်ခဲ့ပါ တယ်။ သို့သော်အဆိုရှင် တင်ပြသွားသလို အစိုးရအဆက်ဆက်မှ ဆက်လက်ပြုပြင် ထိန်းသိမ်း ဆောင်ရွက်ပေးသော်လည်း ထိုလမ်းသည် ပွင့်လင်းရာသီတွင်သာ သွားလာနိုင်သောအဆင့်သာရှိနေ သောကြောင့် မူလလမ်းအကောင်းပျက်စီးသွား၍ ပြန်လည်ထိန်းသိမ်းပြုပြင်ခြင်းအပိုင်းမှာ ပျက်စီး သွားသည့် လမ်းအတိုင်းအတာကို ပြန်လည်ပြုပြင်မှု မမျှတ၍သော်လည်းကောင်း၊ ပျက်စီးမှုကို ပြန်လည်ပြုပြင်သည့်အခါတွင်လည်း သတ်မှတ်သော စံချိန်စံနှုန်းနဲ့ကိုက်ညီမှုရှိ/မရှိကိုသော်လည်း ကောင်း အစိုးရအဖွဲ့မှ ပြန်လည်သုံးသပ်ပေးသွားနိုင်ရန် လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ယခုနိုင်ငံတော်အစိုးရမှ အထူးစီမံချက်ဖြင့် ဆောင်ရွက်ပေးမည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ခရိုင်ဆက်လမ်းပိုင်းကို အဆင့်မြှင့်တင်ရာတွင် လမ်းပိုင်းနဲ့ တံတားများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အဆင့်မြှင့်တင် ဆောက်လုပ်ပေးရေးနဲ့ ထိုအဆင့်မြှင့်တင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများအား ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခွင့်ပေးပြီး ယင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်မှုရှိ/မရှိကို ပြည်သူ့ဆောက်လုပ်ရေးမှ လုပ်ငန်းအား စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို လေးနက်စွာထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ ပတ်သက်ပြီး ထူးခြားချက်တစ်ခုကို အားလုံးသတိပြုမိပါလိမ့်မယ်။ ၁၉၄၂ ခုနှစ်တုန်းက ဒီလမ်းနှင့် တံတားတွေ ကောင်းမွန်တဲ့အတွက် မြစ်ကြီးနားကနေပြီးတော့ ပူတာအိုကို ဂျစ်ကားနဲ့ တစ်ရက်ခရီးသွားနိုင်တယ်ဆိုတဲ့ဟာ ဒီနေ့အဆိုမှာ ထူးခြားမှုတစ်ခု တွေ့ရမှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ခုနက ဦးခွန်လိန်း တို့ချင်းပြည်နယ်ရဲ့ ဆင်းရဲမှုကို ပြောသွားပါတယ်။ ခုနကျွန်တော်က ဥပမာ-ဧရာဝတီတိုင်းနဲ့ ရခိုင်ပြည်နယ်ကိုပေးပါတယ်။ အခုစဉ်းစားကြည့်လိုက်ပါ။ ကချင်ပြည်နယ် စဉ်းစားကြည့်ပါ။ ပူတာအိုကနေပြီးတော့ ခေါင်လန်ဖူးကို ဘာနဲ့သွားရသလဲ။ ကဲခေါင်လန်ဖူးကိုယ်စားလှယ် ပြောပြပေးပါ။ ဘာနဲ့သွားရပါသလဲ။

**ဦးစီခန်ရမ်(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ ပူတာအိုနဲ့ ခေါင်လန်ဖူးထိ မိုင် ၁၃၀ ကျော်ကို ကျွန်တော်ခြေလျင်ပဲလျှောက်ရပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘယ်နှစ်ရက်လျှောက်ရပါလဲ။

**ဦးစီခန်ရမ်(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ ၁၀ ရက်ခရီးလောက်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့်မို့လို့ ချင်းပြည်နယ်အပါအဝင် ကျန်တဲ့ကျွန်တော်တို့ နိုင်ငံအတွင်းတိုင်းရင်းသားများနေထိုင်တဲ့နေရာ၊ ပြည်မလို့ခေါ်တဲ့ ခုနက ဧရာဝတီတိုင်းလိုနေရာမျိုးတွေ နှိုင်းယှဉ်ကြည့်နိုင်ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော် ချင်းပြည်နယ်ခရီးစဉ်တုန်းက ဒေသအသီးသီးရောက်ရှိခဲ့ဖူးတဲ့သူတစ်ယောက်အနေနဲ့ နှိုင်းယှဉ်ပြီးတော့ ချင်းပြည်နယ်ဟာ ကျွန်တော် ချမ်းသာတယ်လို့မပြောပါဘူး။ မဆင်းရဲပါဘူး။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲမဖြစ်ပါဘူးလို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။ ဒီနေ့

တော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကချင်ပြည်နယ်က ပူတာအို လွှတ်တော်ကိုယ်စားလှယ် တင်ပြတဲ့ ဒီအဆိုကို လွှတ်တော်ကိုယ်စားလှယ်များလည်း အားလုံးကြားသိပြီးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့်မို့လို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှင့် နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးယော်ဒီဗွေ့မှ အဆိုတင်သွင်းထားတဲ့ မြစ်ကြီးနား-ပူတာအိုလမ်းအပိုင်းကို အဆင့်မြှင့်တင်ရာမှာ လမ်းပိုင်းသာမက ခံနိုင်ရည်မရှိသောတံတားများကို သတ်မှတ်စံချိန်ညွှန်းနှင့်အညီ အဆင့်မြှင့်တင် ဆောက်လုပ်ပေးရေးနှင့် ထိုသို့လမ်းတံတားအဆင့်မြှင့်တင်ဆောက်လုပ်ခြင်းကို ပုဂ္ဂလိကကုမ္ပဏီများအား ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခွင့်ပေးပြီး ယင်းလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်မှုရှိ/မရှိ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်ငန်းများအား စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်စေရေး အစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား ပြန်လည်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းဟာ (၂၁၈)မိုင်ရှည်လျားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ အဲ့ဒီလမ်းကို ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တို့မှာ အဖွဲ့လေးဖွဲ့နဲ့ အပိုင်းလိုက်တာဝန်ယူပြီးဆောင်ရွက်ခဲ့ရာမှာ ၃၁.၃.၂၀၁၄ အထိ လမ်းအခြေအနေကတော့ ကွန်ကရစ်လမ်း ၁၁ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၄၂ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၄၅ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၈၅ မိုင်၊ မြေလမ်း ၃၃ မိုင် ၃ ဖာလုံ စုစုပေါင်း ၂၁၈ မိုင် ဖြစ်ပါတယ်။ နယ်မြေလုံခြုံရေးအခြေအနေအရ ပြုပြင်နိုင်မှုမရှိခြင်းကြောင့်လည်းကောင်း၊ သဘာဝဘေးဒဏ်များကြောင့်လည်းကောင်း လမ်းတံတားများ ဆိုးရွားစွာပျက်စီးခဲ့ရပြီးတော့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှစတင်ပြီး အဖွဲ့လေးဖွဲ့နဲ့ တစ်ကြောင်းထိုးသွားလာနိုင်ရန် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါ

တယ်။ ၂၀၁၃ ခုနှစ်မှာ ယာဉ်စီးရေ ၈၀၀ ကျော် တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ပွင့်လင်းရာသီမှာ မောင်းနှင်ချိန် ၂၇ နာရီခန့်နဲ့ ရောက်ရှိနိုင်ပြီဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ ရွှေဘို-မြစ်ကြီးနားလမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းအားလုံးဖြစ်ဖို့ စီစဉ်ထားသကဲ့သို့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတံတားများကိုလည်း စီမံချက်ချပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်မှာရှိတဲ့ တံတားများအနေနဲ့ ပေ ၅၀ အောက်တံတား ၇၇၇ စင်း၊ ပေ ၅၀ နဲ့ ပေ ၁၀၀ ကြား ၂၆ စင်း၊ ပေ ၁၀၀ နဲ့ ၁၈၀ ပေကြား ၉ စင်း၊ ပေ ၁၈၀ အထက် ၁၁ စင်း စုစုပေါင်း ၈၂၃ စင်းရှိတဲ့အနက် သံကူကွန်ကရစ်တံတားများအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်အထိ ၂၅၀ စင်း တိုးမြှင့်တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေမှာ စုစုပေါင်း ကျပ်သန်းပေါင်း ၄၂၃၀ ကိုရရှိခဲ့ရာ ကျပ်သန်းပေါင်း ၂၂၃၀ ကို ပေ ၁၈၀ အထက် ဆောင်ရွက်ဆဲတံတားကြီးများဖြစ်တဲ့ ဖုန်အင်ခတံတားကို ရန်ပုံငွေကျပ် ၃၃၀၊ မူလာရှီဒီးတံတားကို ရန်ပုံငွေကျပ် သန်း ၁၀၀၀၊ နမ်ထွမ်တံတားကို ရန်ပုံငွေကျပ် သန်း ၃၀၀၊ တန်ဂျာ (၁)တံတားကို ရန်ပုံငွေကျပ် သန်း၂၀၀၊ တန်ဂျာ(၂)တံတားကို ရန်ပုံငွေကျပ် သန်း ၄၀၀ နဲ့ သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ရန်ပုံငွေကျပ်သန်း ၂၀၀၀ နဲ့ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတား ၁၇ စင်း တည်ဆောက်ခြင်း၊ ရေကျော်သုံးနေရာကို ကျောက်စီကွန်ကရစ်ဖြင့်ရေကျော်ပြုလုပ်ခြင်း၊ ကျောက်လမ်း ၂ မိုင် ၅ ဖာလုံခင်းခြင်း၊ ကတ္တရာလမ်းသစ် ၄ မိုင် ၃ ဖာလုံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဤတံတားကြီး/ငယ်များကိုလည်းပဲ ဘဏ္ဍာရေးနှစ်အလိုက် ကျန်တဲ့တံတားများကို ဆက်လက်ပြီးတော့ ဆောင်ရွက်သွားဖို့ စီမံချက်ချရေးဆွဲထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားများတည်ဆောက်ရာမှာ စံချိန်စံညွှန်းနဲ့အညီ နှစ်လမ်းသွားသံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရာမှာ တံတား Design ရေးဆွဲရာတွင် အမေရိကန်နိုင်ငံရဲ့စံနှုန်းကို အသုံးပြုပြီးတော့ ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ဖြင့် ပုံစံထုတ်၍ တည်ဆောက်လျက်ရှိပါတယ်။ ကွန်ကရစ်အရည်အသွေးသတ်မှတ်ချက်ကိုလည်း Design Strength အတိုင်းပြည့်မီရန် အရည်အသွေးစစ်တဲ့ဓါတ်ခွဲခန်းကို ပေးပို့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ တံတားအုတ်မြစ် Pile များကို ဆောင်ရွက်ရာမှာတော့ Bored Pile လုပ်ငန်းများအတွက် သတ်မှတ်အနက်၊ အရွယ်အစား၊ ကွန်ကရစ် အရည်အသွေးကောင်းမွန်မှုရှိ/မရှိ၊ ပြတ်တောက်မှုရှိ/မရှိ

တို့ကို Sonic Integrity Test (SIT) Test နဲ့စစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်လျက်ရှိပါတယ်။ အသုံးပြုတဲ့သံချောင်းများကိုလည်း သတ်မှတ်အရည်အသွေးအား ဓါတ်ခွဲခန်းများမှာ စစ်ဆေးပြီးမှ တင်ဒါခေါ်ယူအသုံးပြုလျက်ရှိပါတယ်။ တံတားများတည်ဆောက်ရာမှာ ပေ ၅၀ အောက် တံတားများကို ခရိုင်အဖွဲ့များအား ဆောင်ရွက်စေပြီးတော့ ပေ ၅၀ အထက်တံတားကြီးများကို တံတားအထူးအဖွဲ့များအားတာဝန်ပေးပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရုံးချုပ်မှ အင်ဂျင်နီယာချုပ်၊ ဒုတိယအင်ဂျင်နီယာချုပ်များမှလည်း အခါအားလျော်စွာ လုပ်ငန်းခွင်သို့သွားရောက်ပြီး စံချိန်စံညွှန်းပြည့်မီရေး စစ်ဆေးကြီးကြပ် ဆောင်ရွက်လျက်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ သတ်မှတ်ထားတဲ့မူနဲ့ညီသော ဆောင်ရွက်နိုင်တဲ့ ပြင်ပကုမ္ပဏီများကို Open Tender စနစ်နဲ့ ဆောင်ရွက်စေလျက်ရှိပါတယ်။ တံတားလုပ်ငန်းတိုင်းကို ကုမ္ပဏီများက ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့အချိန်ကာလဖြစ်တာကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဝင်ရောက်ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ နောက်ပိုင်းမှာ တဖြည်းဖြည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကို ကန်ထရိုက်စနစ်နဲ့ ပိုမိုဆောင်ရွက်ခွင့်ရရှိကြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့တဲ့အတိုင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေးအတွက် အိန္ဒိယ Exim Bank ချေးငွေနဲ့ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အိန္ဒိယချေးငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုပါက အိန္ဒိယ Exim Bank မှ သတ်မှတ်ထားတဲ့စည်းကမ်းများ၊ နိုင်ငံတကာစံချိန်စံညွှန်းများနဲ့အညီ ပုဂ္ဂလိကကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စနစ်တကျကြပ်မတ်စစ်ဆေးကာ ဆောင်ရွက်သွားမှာဖြစ်တာကြောင့် ကိုယ်စားလှယ်ကြီး တင်ပြတဲ့အဆိုအား မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးယော်ဒီဒွေ့၊ ပူတာအိုမဲဆန္ဒနယ်က သဘောထားပြောပါ။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီး ရှင်းပြပေးသွားတဲ့ဟာကို ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ်။ သို့သော်လည်း ကျွန်တော် ဒီနေရာမှာ ဖြည့်စွက်ပြီး တင်ပြလိုတာက ကျွန်တော်တို့ ဒီလမ်းကအခုဒီလိုမိုးတွင်းကာလမှာဆိုရင် ကျွန်တော်တို့ ကားတွေသွားလို့မရတော့ပါဘူး။ ကျွန်တော်တို့ ခရိုင်တစ်ခုလုံးမှာလိုအပ်တဲ့ စားနပ်ရိက္ခာအားလုံးဟာ

လည်း ကျွန်တော်တို့ ဒီလမ်းကို အခြေခံပြီးမှ အားကိုးပြီးမှ သွားနေရတဲ့အခါမှာ မိုးတွင်းကာလမှာ ခုချိန်မှာဆို သွားလို့မရတော့ဘူး။ အဲ့တော့ မြန်မာနိုင်ငံမှာ ဘယ်မှာမှမရှိခဲ့တဲ့ ကမ္ဘာကျော် ဗွက်တန်းဆိုတာ ကျွန်တော်တို့ ဒီလမ်းထဲမှာပဲ ရှိပါတယ်။ အဲ့တော့ ကျွန်တော်တို့ ဒီလမ်းကို အခု ဝန်ကြီးရှင်းပြသွားတဲ့အထဲမှာ ကျွန်တော်တို့ ကောင်းအောင်တော့ ကျွန်တော်တို့ ဆောင်ရွက်သွားဖို့လည်းပြောတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ဒါကိုကြိုဆိုပါတယ်။ သို့သော်လည်း ဒီလမ်းကို ကျွန်တော်တို့နိုင်ငံတော်သမ္မတအနေနဲ့ ကိုယ့်နိုင်ငံမှာ တကယ်ဒီဒေသအတွက် မလုပ်မဖြစ်တဲ့ လမ်းတစ်ခုဖြစ်တယ်။ ဒီလမ်းကောင်းသွားမှ ဒေသခံပြည်သူများရဲ့ လူမှုဘဝဟာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တယ်ဆိုတာကို နိုင်ငံတော်သမ္မတကြီးအနေနဲ့ ဒီလိုလက်ခံယုံကြည်တဲ့အတွက်ကြောင့်မို့ ကိုယ့်နိုင်ငံမှာရှိတဲ့ ငွေရေးကြေးရေးအခြေအနေအရ လုပ်ပေးနိုင်စွမ်းမရှိသော်လည်း စေတနာနဲ့ အခြားနိုင်ငံက ချေးငွေနဲ့ဆောက်လုပ်ပေးသွားဖို့ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီငွေကို အလဟဿမဖြစ်သွားအောင် တကယ်ခိုင်မာတဲ့ကုမ္ပဏီကို ကန်ထရိုက်ပေးတဲ့အခါမှာ ကျွန်တော်တို့ သက်ဆိုင်ရာဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တင်ပြသလို စံချိန်စံညွှန်းနဲ့ ကိုက်ညီမှုရှိ/မရှိကို သေချာစိစစ်ပြီးတော့ ကျွန်တော်တို့ဒီလမ်းကို တစ်ခါလုပ်ပြီးရင် ပြန်ပြန်လုပ်စရာမလိုအောင် လုပ်ပေးဖို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် အခုဒုတိယဝန်ကြီး ဆွေးနွေးသွားတဲ့ ဒီအဆိုကို မှတ်တမ်းတင်ထားရှိဖို့ ဆိုပါတယ်။

**ဦးယော်ဒီဌေး(ပူတာအိုမဲဆန္ဒနယ်)**။ ။ ဒီအဆိုကို မှတ်တမ်းတင်ထားရှိဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးယော်ဒီဌေး တင်သွင်းသွားတဲ့အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးသွားခဲ့ပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်တစ်ပါတည်း ရယူသွားမှာ ဖြစ်ပါတယ်။ ဦးယော်ဒီဌေး တင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပူတာအို မဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီက တင်သွင်းသည့် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှု ဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက တင်သွင်းသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ၁၃-၁-၂၀၁၄ ရက်နေ့က ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၆-၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီ၊ မူဆယ် မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်တို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က လိုအပ်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃

ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ နည်းဥပဒေခွဲ(ဃ)အရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၃ ချက်အား ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားကို ကြည့်လို့ရပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက်များကို ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၁ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်မှာ ခေါင်းစီး တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၃၇၆ ခုနှစ်၊ ---- လ ---- ရက်)(၂၀၁၄ ခုနှစ်၊ ---- လ ---- ရက်) ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်ဟု ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ တစ်ဆက်တည်းပဲ ကုန်အောင်ဆက်ပြီးတော့ တင်ပြပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အမှတ်စဉ် ၂ အပိုဒ် ၂ အား ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ (က) တိုင်းရင်းသားလူမျိုးများဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများနှင့် မျိုးနွယ်စုများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများအား မပါဘူး။ အမှတ်စဉ် ၃ အပိုဒ် ၃ အပိုဒ်ခွဲ(က) တိုင်းရင်းသားလူမျိုးအားလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ နိုင်ငံသားအခွင့်အရေးများ တန်းတူညီမျှမှုရရှိစေရန် ပြင်ဆင်ထားသည့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၃ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို မူလအဆိုပြုတင်ပြထားတဲ့ ကော်မတီက သဘောတူပါသလားခင်ဗျား။ ဦးသိန်းဇော်တို့ကော်မတီကို။

**ဦးသိန်းဇော်(ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ)**။ ။ ကန့်ကွက်ရန်မရှိပါဘူးခင်ဗျား။ သဘာတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ မူလ ဥပဒေကြမ်းတင်ပြတဲ့ ကော်မတီက သဘောတူကြောင်းပြောပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ၃ ခုအား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် နောင်တော် ပြည်သူ့ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ဥပဒေဟာ မည်သည့်ခေတ်မှ မပေါ်ပေါက်ခဲ့ဘူးတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဝမ်းသာကြည်နူးစွာ လက်ခံကြိုဆိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မူလရေးဆွဲထားတဲ့ ဒီဥပဒေထဲမှာ ယင်းတို့၏ မျိုးနွယ်စုများဆိုတဲ့စကားရပ်အစား မျိုးနွယ်စုများဆိုပြီး တော့မှ ဒီဥပဒေကြမ်းကော်မတီကနေ ပြင်ဆင်ပေးထားတာလည်းပဲ ကျေးဇူးဥပကာယတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ခါမှ မရေးဆွဲဘူးသေးတဲ့၊ မပြဋ္ဌာန်းဘူးသေးတဲ့ ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးများရဲ့ အခွင့်အရေးကာကွယ်တဲ့ဥပဒေကို ပိုမိုပြည့်စုံ လေးနက်မှုရှိစေရန်နဲ့ နောင်ဆောင်ရွက်တဲ့ အခါမှာ ရှုပ်ထွေးမှုမဖြစ်စေရန်ကို ရည်ရွယ်ပြီးတော့မှ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ပေါ်မှာ စကားလုံးတစ်လုံးကို ကျွန်တော် ဖြည့်စွက်ပြီးတော့မှ ဆွေးနွေးတင်ပြလိုခြင်းပဲဖြစ်ပါတယ်။ ဒီဆွေးနွေး တင်ပြတဲ့အကြောင်းချင်းရာနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ ယင်းတို့၏ မျိုးနွယ်စုများနှင့် မျိုးနွယ်စုများဆိုတဲ့စကားကို ဆက်စပ်ကြည့်လိုက်တဲ့အချိန်မှာ ကျွန်တော်တို့ ယခင် မူလဥပဒေမှာဆို ထားတဲ့ ယင်းတို့၏ မျိုးနွယ်စုများဆိုတာက နောင်ပြင်ဆင်လိုက်တဲ့ မျိုးနွယ်စုများဆိုတာက အားလုံး ပြန်ပြီးမှ ရှေ့နောက်ကို စဉ်းစားဆင်ခြင်တွေးတောတဲ့အချိန်မှာ ဆက်စပ်တဲ့အချိန်မှာ လူမျိုးများနှင့် ယင်းတို့၏ မျိုးနွယ်စုများဆိုတာက Direct အဓိပ္ပာယ်ကို ဖော်ပြတာဖြစ်ပြီးတော့မှ လူမျိုးစုနှင့်

မျိုးနွယ်စုများဆိုတာ သွယ်ဝိုက်ပြီးတော့မှ Indirect သဘောမျိုးနဲ့ ဆက်နွယ်နေတဲ့ဟာကို ကျွန်တော့်အနေနဲ့ လေ့လာတွေ့ရှိရတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဝါကျရေးထုံးနည်းအရ ကျွန်တော် ဥပမာတင်ပြရမယ်ဆိုရင် ဦးချမ်းသာ၊ ဒေါ်ပြည့်စုံနှင့် သားသမီးတစ်စုကောင်းမှုဆိုတဲ့ ဒီအလှူအတန်းလုပ်တဲ့အချိန်မှာ ကဗျည်းထိုးတဲ့နေရာမှာ ဒီနေရာမှာ ဦးချမ်းသာနဲ့ ဒေါ်ပြည့်စုံနဲ့ သားသမီးတစ်စုဆိုတဲ့နေရာမှာ ရှေ့နောက်မှာ တစ်စုတစ်စည်းတည်းဖြစ်နေတဲ့ အနေအထားမျိုးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ မူလရည်မှန်းချက်ဖြစ်တဲ့ ယင်းတို့၏မျိုးနွယ်စုများနှင့် လူမျိုးနှင့် မျိုးနွယ်စုများ ဆိုတဲ့ နေရာမှာ ဆက်စပ်ပြီးမှ တွေးကြည့်မယ်ဆိုရင် ဆက်စပ်တဲ့အနေအထားမျိုးရှိမယ်။ ရောနှောယှက်နွယ်တဲ့ သဘောသဘာဝတွေ ကျွန်တော်တို့ တွေ့ရတာဖြစ်တယ်။ မပြတ်မသားတဲ့သဘောမျိုးမှာ ကျွန်တော်တို့ တွေ့ရတာဖြစ်တယ်။

နောက်တစ်ခုက လိုအပ်သလို အဓိပ္ပာယ်ကောက်ယူနိုင်တဲ့ ဥပဒေမျိုးဖြစ်တဲ့အတွက်ကြောင့် မို့လို့ ပိုပြီးမှပြည့်စုံလေးနက်အောင်၊ ရှုပ်ထွေးမှုမရှိအောင်ဆိုတဲ့ဟာက ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ထားတဲ့စကားလုံးထဲမှာ ကျန်ဆိုတဲ့ စကားလုံးလေးတစ်လုံးကို ထည့်သွင်းပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးမေတ္တာရပ်ခံခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တင်ပြဆွေးနွေးချင်တာက တိုင်းရင်းသားလူမျိုးဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများနှင့် ကျန်မျိုးနွယ်စုများဆိုတဲ့အဓိပ္ပာယ်ကို ကျန်ဆိုတဲ့စကားလုံးကို ဖြည့်ဆည်းပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြခြင်းပဲဖြစ်ပါတယ်။ ဒီနေရာမှာ မြန်မာ့အဘိဓာန် မြန်မာ့သဒ္ဒါကို လေ့လာသုံးသပ်တဲ့အချိန်မှာလည်းပဲနှင့် ဆိုတဲ့ စကားလုံးဟာ အတူတူလုပ်တယ်။ အတူတကွလုပ်တယ်။ စုပေါင်းသည် ပေါင်းစပ်သည်ဆိုတဲ့ သဘောမျိုးမှာ သက်ရောက်နေတဲ့အနေအထားမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဝေါဟာရအနေအထားမျိုးမှာ ကျန်ဆိုတဲ့ မျိုးနွယ်စုဆိုတဲ့စကားလုံးကို ထည့်သွင်းပေးခြင်းအားဖြင့် နောက်မှာ ဝိသေသပြုထားတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုတဲ့ တိုင်းရင်းသားရှစ်မျိုးကို မထိခိုက်စေနိုင်တဲ့အပြင် ကျန်တဲ့တိုင်းရင်းသားများကိုလည်းပဲ ဒါ ဝိသေသပြုတဲ့အနေအထားမျိုးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီစကားလုံးဟာလည်းပဲ ကျန်တဲ့ ဆိုတဲ့ စကားလုံးလေးကိုတော့ ထည့်သွင်းပေးဖို့အတွက်က ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။ ဒီနေရာမှာ ရေးထုံးရေးနည်းအရ ဆက်စပ်ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရတွေမှာရော သတင်းဂျာနယ်တွေမှာပါ မည်သည့်စာအုပ်မျိုးမှာမဆို မြန်မာပြည်မှာရှိတဲ့ တိုင်းရင်းသားလူမျိုးဟာ ၁၃၅ မျိုး၊ လူမျိုးအဖြစ် ဖော်ပြထားပြီးဖြစ်တဲ့အတွက်

ကြောင့်မို့လို့ ဒီနေရာမှာ ပိုပြီးတော့မှရှင်းလင်းလွယ်ကူအောင်၊ နောင်လည်းရှုပ်ရှင်းနိုင်တဲ့အနေအထား မျိုးမဖြစ်အောင်ဆိုတဲ့ ရှေ့နောက်နဲ့ ဆက်စပ်မှုဟာလည်းပဲ တိကျပြေပြစ်တဲ့အနေအထားမျိုးသို့ရောက် အောင်ဆိုတဲ့ စကားလုံးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ လူမျိုးများနှင့် ကျန်မျိုးနွယ်စုများဆိုတဲ့ ကျန်ဆိုတဲ့ စကားလုံးကို ဖြည့်သွင်းပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဒီနေရာဟာလည်း ပဲ မြန်မာ့အဘိဓာန်၊ မြန်မာ့သဒ္ဒါရေးထုံးရေးနည်းနဲ့ ကျွန်တော့်အနေနဲ့ယှဉ်ပြီးတော့ တင်ပြဆွေးနွေးခြင်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်အနေနဲ့တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခွန်မောင်သောင်း ဆွေးနွေးသွားတဲ့အပေါ် ဥပဒေကြမ်းကော်မတီရယ်၊ မြန်မာစာနဲ့ပတ်သက်ပြီးတော့ ပါမောက္ခဖြစ်တဲ့ ဆရာမကြီးဒေါ်အေးမြင့်ရယ်၊ အပေါ်မှာလည်း နားထောင်တဲ့ပုဂ္ဂိုလ်များရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်သူများ အခု ဦးခွန်မောင်သောင်း ရှင်းလင်းတင်ပြတာကို ပြန်ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်တဲ့ဥပဒေဟာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားများအားလုံးကို ရည်ညွှန်းပြီး ဖော်ပြထား ခြင်းပဲဖြစ်ပါတယ်။ ဒီစကားရပ်နှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းရင်းသားလူမျိုးဆိုတဲ့ စကားရပ်နဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖော်ပြထားခြင်းမရှိသော်လည်းပဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၅၃ မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်လို့ အတိအကျပြဋ္ဌာန်းထားတဲ့အတွက် မိမိတို့ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း ဒီ Interpretation Law နှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ် ကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးချင်ပါတယ်။ ဒါကြောင့်မို့လို့ ဦးခွန်မောင်သောင်းက ကျန်ဆိုတဲ့ စကားလုံး ကို ဖြည့်မယ်။ အဲ့ဒီလိုဖြည့်တဲ့အခါမှာ အခုနက ဦးတီခွန်မြတ် ဆွေးနွေးသွားသလို ဒီလိုရေးသားထား သည် အခုနက အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ရေးသားထားတယ်။ ဒါကြောင့်မို့လို့ အဓိပ္ပာယ်ပြောင်းလဲ မှုများရော ရှိနိုင်သလား။ မရှိနိုင်ဘူးလား။ ဒါကို ဥပဒေကြမ်းကော်မတီရော၊ မြန်မာစာရေးထုံး သဒ္ဒါနဲ့ပတ်သက်ပြီးတော့လည်း ဒါ ရှင်းလင်းဖော်ပြပေးဖို့ဖြစ်ပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးတာ က ကျန်ဆိုတဲ့ စကားလုံးမပါဘဲနဲ့ ဒီလိုရေးထားရင်လည်း အားလုံးပြည့်စုံလုံလောက်တယ်။ သို့မဟုတ်

လို့ရှိရင် ကျန်ပါမှပဲ ပြည့်စုံလုံလောက်မလား။ ဒီဟာလည်း အဓိကဖြစ်ပါတယ်။ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌပြောတဲ့ တည်ဆဲဥပဒေကို လေးစားလိုက်နာရမယ်ဆိုတဲ့အတိုင်းပဲ ကျွန်တော်တို့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေရဲ့ အပိုဒ် ၃ မှာ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည်လို့ပဲ သုံးထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစာလုံးကို ကျွန်တော်တို့ တော်တော်လေးညှိနှိုင်းတိုင်ပင်ပြီးတော့မှ အကောင်းဆုံးလူမျိုးစုများ အချင်းချင်း ပြဿနာမဖြစ်နိုင်တဲ့ စကားလုံးကို ကျွန်တော်တို့ တည်ဆဲဥပဒေနှင့်အညီ ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အခုနက ဆရာမကြီးဒေါ်အေးမြင့် မိုက်တောင်းပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဒီနေရာမှာ ဒီ ကျန်ပါခြင်း၊ မပါခြင်းဟာ သိပ်ပြီးတော့ အရေးမပါဘူးလို့ ကျွန်မ ယူဆပါတယ်။ ဘာကြောင့်လည်းဆိုတော့ရင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများနှင့် မျိုးနွယ်စုများဆိုတော့ တိုင်းရင်းသားမျိုးနွယ်စုအားလုံး ပါတယ်ဆိုတဲ့ သဘောပေါက်ပြီးသားပါ။ ကျန်မျိုးနွယ်စုများကို ဆိုသည်ဆိုတော့ ထည့်ရင်တော့ရပါတယ်။ သို့သော်လည်း မလိုအပ်ဘူးလို့ ကျွန်မထင်ပါတယ်။ စကားလုံး နည်းနည်းဖောင်းပွသွားမှာကလွဲရင် ဘာကြောင့်လည်းဆိုတော့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများနှင့် မျိုးနွယ်စုများဆိုရင် ဒီတိုင်းပြည်မှာနေတဲ့ တိုင်းရင်းသားအားလုံး၊ မျိုးနွယ်စုတွေအားလုံးကို ဆိုလိုပြီးသားဖြစ်ပါတယ်။ ဒီနေရာမှာ ဥက္ကဋ္ဌကြီးရဲ့ ဆန္ဒအတိုင်းပဲ ကျန်ကို ထည့်လိုကလည်း ထည့်လို့ရပါတယ်။ မထည့်ဘဲထားခဲ့လို့လည်း အဓိပ္ပာယ်ကတော့ ဘာမှကွဲပြားမသွားပါဘူး။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ အဲ့တော့ ပြည့်စုံနေတဲ့နေရာမှာ ကျန်မျိုးနွယ်စုလို့ပြောရင် မြန်မာနိုင်ငံမှာ အခြားမျိုးနွယ်စုတွေရှိနေတယ်ဆိုတဲ့ သဘောမျိုးဖြစ်သွားမယ်ဆိုရင် အဓိပ္ပာယ်တစ်မျိုးဖြစ်သွားနိုင်တဲ့သဘောလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကလည်း ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေမှာလည်း ဒီလိုပြဋ္ဌာန်းခဲ့တယ်။ ဒါကြောင့်လို့ ရှေ့နောက်လည်း လျော်ညီအောင် ကျန်မပါဘဲနဲ့

လည်း အားလုံးပြည့်စုံနေတယ်ဆိုရင်တော့ ဦးခွန်မောင်သောင်း ဆွေးနွေးတာကို လေးစားပါတယ်။ သို့ရာတွင် မြန်မာစာရေးထုံးရေးနည်းကော၊ ဥပဒေအရ ဖော်ညွှန်းချက်တွေကရော အားလုံး ပြည့်စုံနေတယ်လို့ပဲ ယူဆမှာဖြစ်ပါတယ်။ ကဲဆွေးနွေးပါ။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လေးစားစွာ တင်ပြပါရစေ။ ကျွန်တော်တို့ ဝေါဟာရတစ်ခုဟာ လေးနက်တာချင်းမတူကြပါဘူး။ ဒီကျန်ဆိုတဲ့ ဝေါဟာရနဲ့ ဒီမျိုးနွယ်စုများဆိုတဲ့ဟာကို သေသေချာချာခွဲခြားစိတ်ဖြာလို့ရှိရင် ဒီအနက်အဓိပ္ပာယ်သက်ရောက်မှုက ကွာခြားမှုရှိပါတယ်။ နောက်ဒီနေရာမှာ ကျွန်တော်တို့ ကျန်ဆိုတဲ့ ဝေါဟာရကိုထည့်ခြင်းအားဖြင့် ကျွန်တော်တို့ မူလဥပဒေကို သူက ဘာမှထိခိုက်စရာအကြောင်းလည်း မရှိပါဘူး။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တင်ပြချင်တာက မူလဥပဒေကို ထိခိုက်နိုင်တဲ့အန္တရာယ် မရှိဘူးဆိုတဲ့ဟာက ဒီကျန်တဲ့တိုင်းရင်းသားတွေအားလုံးဟာ ကျွန်တော်တို့ ပြည်တွင်းမှာနေထိုင်ကြတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေအားလုံးလည်းပဲ ဒီနေ့ ဒီအချိန်မှာလည်းပဲ ကျွန်တော်တို့ဟာ လူမျိုးပေါင်း ၁၃၅ မျိုးဆိုတာလည်းပဲ ခုနက ကျွန်တော်တင်ပြခဲ့သလို ဖော်ပြထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ မည်သည့်တိုင်းရင်းသား၊ မည်သည့်လူမျိုးကိုမျှ ထိခိုက်နိုင်စရာအကြောင်းမရှိဘဲနဲ့ သို့သော်လည်းပဲ ကျန်ဆိုတဲ့ ဝေါဟာရကလည်းပဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ကြသောဆိုတာက အထူးပြုထားတဲ့အတွက်ကြောင့်မို့လို့ ဒီအဓိပ္ပာယ်ကလည်းပဲ ဒါကွဲလွဲတဲ့အနေအထားမျိုးမရှိပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့က အားလုံးခြုံပြီးတော့မှ အပေါ်ယံစဉ်းစားဆုံးဖြတ်ကြမယ်ဆိုရင်တော့ မျိုးနွယ်စုဆိုတဲ့ဟာကိုထည့်မယ်နဲ့ ကျန်တဲ့ဟာထည့်မယ်ဆိုရင် ကျန်ဆိုတဲ့စကားလုံးပါ ဝိသေသပြုပေးလိုက်မယ်ဆိုရင်တော့ ပိုမိုလေးနက်နိုင်တဲ့ အဓိပ္ပာယ်ဖြစ်ပြီးတော့မှ နောက်ပိုင်းတွေမှာလည်းပဲ ကျွန်တော်တို့ တိုင်းရင်းသားကိစ္စနဲ့ပတ်သက်ပြီးတော့မှ၊ ဒီကာကွယ်စောင့်ရှောက်ရေးကိစ္စနဲ့ ပတ်သက်ပြီးတော့မှလည်းကောင်း၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ပတ်သက်ပြီးတော့မှ ဆောင်ရွက်တဲ့နေရာမှာ ပိုမိုပြီးတော့မှ ရှုပ်ထွေးနိုင်စရာအကြောင်းမရှိဘဲနဲ့ ပိုမိုပြီးတော့မှ ပီပီပြင်ပြင်ရှိလာနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြန်လည်တင်ပြ ဆွေးနွေးခြင်းပဲဖြစ်ပါတယ်။ ဒီနေရာမှာ ဥက္ကဋ္ဌကြီးအနေနဲ့ ကျွန်တော်တို့ ဒီခေတ်နဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ဒီမိုကရေစီနဲ့သွားနေတဲ့ လမ်းကြောင်းဖြစ်နေတဲ့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အများနဲ့တစ်ဦးအနေအထားမျိုးမှာတော့ ကျွန်တော့်အနေနဲ့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းအနေနဲ့လည်းပဲ ကျွန်တော်တို့ရဲ့ အားထားရတဲ့အဖွဲ့အစည်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့ဆန္ဒ၊ သူတို့ရဲ့

တင်ပြ၊ သူတို့ရဲ့ရေးသားချက်တွေကိုလည်းပဲ ကျွန်တော် မကန့်ကွက်ပါဘူး။ နောက်တစ်ခုက ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့မှ ဘယ်လိုဆန္ဒရှိတယ်ဆိုတဲ့ဟာတော့ ကျွန်တော့်အနေနဲ့တော့ ထည့်စေချင်တယ်။ သို့သော်လည်းပဲ မဲခွဲစရာတော့မလိုပါဘူး။ ကျွန်တော်ဥက္ကဋ္ဌရဲ့အဆုံးအဖြတ်ပေါ်မှာပဲ ကျွန်တော် အဆုံးအဖြတ်ခံယူလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒါနဲ့ပတ်သက်လို့ ခုနက အားလုံးဆွေးနွေးသွားသလိုပဲ ကျွန်တော်တို့ နိုင်ငံမှာတစ်ကြိမ်မှမပေါ်ဘူးသေးတဲ့ ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေဖြစ်လာဖို့အတွက် ဦးတီခွန်မြတ်ပဲ ဒီလွှတ်တော်မှ အဆိုပြုတင်ပြခဲ့တာဖြစ်ပါတယ်။ အဲ့ဒီထဲမှာတစ်ခါ ပြည်ထောင်စုလွှတ်တော်ရောက်သွားတယ်။ ပြည်ထောင်စုလွှတ်တော်ရောက်တဲ့အခါမှာ ဒီဥပဒေပြဋ္ဌာန်းဖို့အတွက် မှတ်မိပါလိမ့်မယ်။ ရှေ့နေချုပ်ရုံးကို ကျွန်တော်တို့ အကူအညီတောင်းပါတယ်။ တိုင်းရင်းသားရေးရာဝန်ကြီးများ ခေါ်ပါတယ်။ ခေါ်ပြီးတဲ့အခါမှာ ကျွန်တော်တို့ အကြိမ်ကြိမ်ဆွေးနွေးပါတယ်။ ဆွေးနွေးပြီးနောက်ဆုံးကတော့ လွှတ်တော်ထဲ ဒီအခြေအနေထဲ ရောက်လာပါတယ်။ ကျွန်တော့်ဘက်က ယူဆထားတာကတော့ ဒါသည် အားလုံးပြည့်စုံပြီ။ အားလုံးဆွေးနွေးပြီးပြီ။ ဒါကြောင့်မို့လို့ ဒီဆွေးနွေးချက်ကို လွှတ်တော်က အတည်ပြုဖို့ပဲ ကျန်တယ်လို့ယူဆပါတယ်။ သို့ရာတွင် ခုနက ဦးခွန်မောင်သောင်းအနေနဲ့ ဒီလိုတင်ပြတဲ့နေရာမှာ တိုင်းရင်းသားတစ်ယောက်အနေနဲ့ စေတနာပါပါ တင်ပြတဲ့အတွက် ကျွန်တော်တို့ နားထောင်ပြီးတဲ့အခါမှာ အားလုံးလည်းရှင်းသွားအောင် ကျွန်တော် ဒီလိုရှင်းလင်းပေးခြင်းပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဥပဒေတစ်ရပ်ရေးတယ်ဆိုတာ Sprit of Law ဥပဒေရဲ့ ရည်ရွယ်ချက်၊ လိုလားချက် ပြီးတဲ့အခါမှာ Letter of Law ရည်ရွယ်ချက်(Sprit) ကိုအကောင်အထည်ဖော်တဲ့နေရာမှာ ဥပဒေရေးထုံးရေးနည်းက အဓိကထားစဉ်းစားရပါတယ်။ ဥပဒေရေးထုံးရေးနည်းမှာ ခုနကပြောတဲ့ မြန်မာစာ၊ မြန်မာစကား၊ သဒ္ဒါတွေလည်းပါမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့တော့ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ တက်ရောက်လာတဲ့ ဒုတိယရှေ့နေချုပ်အနေနဲ့ကော ခုနက လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ပေးသွားပါတယ်။ ထည့်လိုကထည့်၊ မထည့်လိုက ချန်နိုင်ပါတယ်ဆိုတဲ့နေရာမှာ ကျွန်တော်ကတော့ တကယ်လိုအပ်တာပဲထည့်ချင်ပါတယ်။ မလိုအပ်တာတော့ မထည့်ချင်ပါဘူး။ ဒီနေရာမှာ ကျွန်တော့် အဆုံးအဖြတ်ဆိုတာလည်း တကယ့်ကို Sprit of Law၊ Letter of Law နဲ့ပဲ ကိုက်ညီစေချင်ပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယရှေ့နေချုပ်အနေနဲ့လည်း အကြံပြုဆွေးနွေးပေးစေလိုပါတယ်။

**မူကြမ်း**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Definition နဲ့စပ်လျဉ်းပြီးတော့ ကျွန်တော် ဆရာမကြီးတင်ပြတဲ့ဟာကို ကျွန်တော်ထောက်ခံပါတယ်။ အခုကျွန်တော်တို့လည်း ဒီတိုင်းရင်းသားလူမျိုးများဆိုသည်မှာ တိုင်းရင်းသား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများနဲ့ တိုင်းရင်းသားမျိုးနွယ်စုများကိုဆိုသည်လို့ ဒါကျွန်တော်တို့က ဒီလိုပဲကောက်ယူပါတယ်ခင်ဗျား။ ကျန်ဆိုတာကတော့ ခုနက ဆရာမကြီးပြောသလို ထည့်ရင်တော့ မှားတယ်လို့တော့မဟုတ်ဘူး။ သို့သော်လည်းပဲ ဒီကျန်ဆိုတဲ့ဟာလေးက ကိုယ်ကနည်းနည်းလေး ပိုပိုလိုလို နည်းနည်းရှုပ်ထွေးမှုဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ စတုန်းက ဥပဒေကြမ်းတင်သွင်းတုန်းက ဒီ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနဲ့ ယင်းတို့၏ မျိုးနွယ်စုများဆိုပြီးတင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီ လူမျိုးစုကြီးတွေကလွဲပြီး ကျန်တဲ့တိုင်းရင်းသားတွေအားလုံးမှာ အငြင်းပွား စရာများရှိမှာစိုးတဲ့အတွက်ကြောင့် ယင်းတို့၏ဆိုတဲ့စာလုံးကို ဒါအားလုံး ဥပဒေကြမ်းပူးပေါင်း ကော်မတီမှာ ဒီအားလုံးပါဝင်ဆွေးနွေးကြပြီးတော့ သဘောတူညီပြီးတော့ ကျွန်တော်တို့ ဖြုတ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီဟာလည်း ယခင်လည်း ကျန်တဲ့အဖွဲ့အစည်းများအားလုံးဟာ သဘောတူညီခဲ့ပြီးသား ဖြစ်တဲ့အတွက်ကြောင့် ဒီအတိုင်းပဲ သင့်မြတ်မယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့်မို့လို့ ကျန်ဆိုတာ မထည့်ပဲထားတာပိုသင့်မြတ်မယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ အချိန်ဒီလောက်ဆိုလုံလောက်ပါပြီ။ ဒါကြောင့် ဦးခွန်မောင်သောင်းလည်း ကျွန်တော့်ကို တာဝန်ပေးပါတယ်။ ဒီလိုတာဝန်ပေးတဲ့အတွက် ကျွန်တော် ဂုဏ်ယူပါတယ်။ သို့ရာတွင် ကျွန်တော် ဆုံးဖြတ်တာထက် အခုလို ဝိုင်းဝန်းပြီးတော့ အကြံပြုဆုံးဖြတ်တာက ပိုမှန်မှာဖြစ်တဲ့အတွက် ကျန်ဆိုတဲ့ စကားမထည့်ဘဲနဲ့ပဲ ဒီအတိုင်းပဲ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေ ကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းဘိုးအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်ရေးကို စောင့်ရှောက်တဲ့ ဥပဒေကြမ်းပြင်ဆင်ဖြည့်စွက်ချက် ၂၇ ချက် တင်သွင်းခဲ့ပါတယ်။ အဲ့ဒါက ကျွန်တော်တို့ဒီ ကုလသမဂ္ဂ ရဲ့ ၂၀၀၇ ဌာနေတိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်းနှင့်တကွ နောက် လွှတ်တော်

ဥက္ကဋ္ဌဆီကို ညီနောင်တိုင်းရင်းသားပါတီများ ၂၀ ပါတီကနေပြီးတော့ စုပေါင်းပေးပို့တင်ပြတဲ့ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ဘုံသဘောတူညီချက်အပေါ် အခြေပြုပြီးတော့ ကျွန်တော်တင်ပြခဲ့ ခြင်းဖြစ်ပါတယ်။ သို့သော်လည်း အဲ့ဒီမှာ ဒီပြင်ဆင်ဖြည့်စွက်ချက် ၂၇ ချက်အနက် စကားရပ်တစ်ခုကို လက်ခံပြီးတော့ ထည့်သွင်းပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တင်ပြတဲ့ ပြင်ဆင် ဖြည့်စွက်တဲ့အချက်ကတော့ အမှတ်စဉ် ၄ အခန်း(၂) ရည်ရွယ်ချက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ) တိုင်းရင်းသားလူမျိုးများရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် အမျိုးသား ရေးလက္ခဏာတို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်ဆိုတဲ့ ပြင်ဆင် ဖြည့်စွက်ချက်ဖြစ်ပါတယ်။ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်း စတင် တင်ပြတဲ့ကော်မတီက ကန့်ကွက်ရန်ရှိပါသလား။

**ဦးသိန်းဇော်(ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ)**။ ။ ကန့်ကွက်ရန်မရှိပါဘူး။ ကျွန်တော်တို့ ဒါအားလုံး ညှိနှိုင်းဆွေးနွေးပြီး ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဘိုးအောင် ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါ သလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးစိုင်းဘိုးအောင်၊ မူဆယ်မဲဆန္ဒနယ်ရဲ့ ပြင်ဆင် အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ⊞ဌ**။ ။ ဦးစိုင်းဘိုးအောင် မူဆယ်က မေးခွန်းမေးခဲ့တဲ့ တရုတ်-မြန်မာနယ်စပ် တစ်လျှောက် မြစ်ကြောင်းဖြစ်ပုံပေါ်မှာမူတည်ပြီးတော့၊ ပိုင်ဆိုင်မှုပေါ်မူတည်ပြီးတော့ မေးတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့သောကြာနေ့က ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီမှာ ဒါကိုရှင်းလင်း တင်ပြခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဦးစိုင်းဘိုးအောင် ကျွန်တော့်ရုံးလာပြီးတဲ့အခါမှာ ကာကွယ် ရေးနဲ့လုံခြုံရေးကောင်စီ၊ အဲ့ဒီမှာ နိုင်ငံခြားရေးဝန်ကြီးဌာနက ဆွေးနွေးတင်ပြချက် အပြည့်အစုံ ကျွန်တော့်ဆီမှာရှိပါတယ်။ ဒါကြောင့် လာရောက်ပြီးတော့ ကြည့်ရှုပါ။ ကျွန်တော်အချိန်မပေးနိုင်တဲ့ အတွက် ဒီမှာဆက်လက်ပြီးတော့ မရှင်းပြနိုင်တော့ပါဘူး။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှု ဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက တင်သွင်းသော တိုင်းရင်း

**မူကြမ်း**

သားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်တို့က ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၃ ချက်အား အတည်ပြုရန်နဲ့ ဦးစိုင်းဘိုးအောင်ရဲ့ ပြင်ဆင်အဆိုပြုချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီက တင်သွင်းသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (ကြာသပတေးနေ့)

၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ကို ၁၃း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**